# သာလွန်မင်း လက်ထက် အုပ်ချုပ်ရေး*

ဒေါက်တာ သန်းထွန်း **

ပြည်သူလူရဟန်းတို့၏ အားထားရာဖြစ်သော မင်းသည်ပင်လျှင် ပြည်သူတို့၏ အသက် အိုးအိမ် စည်းစိမ်တို့ကို ထိခိုက်လောက်အောင် အစီအမံ များယွင်းလာပါလျှင် တာဝန် လစ်ဟင်းလေပြီဟု အပြစ်ဆိုဖွယ်ဖြစ်၍ လာပါသည်။ ပဂိုးမှ ငါးဆူ ဒါယကာမင်း (အေဒီ-၁၅၇၁-၉၉) သည်လည်း "ပြည်သူကို ဝမ်းနည်းအောင် ပူဇော်မှုလေ့ရှိ[၁] ရကား"

**အာစာရဝိပတ္တိ** (အကျင့်ပျက်စီးခြင်း) ဖြစ်ကာ ပြည်သူတို့ အကြည်ညို တန်သဖြင့် "ကြီးကြီး ကျယ်ကျယ် အမှုတော်ကို မထမ်း၍ အရေးတော် မပြီးသည်များ" သောကြောင့် နောက်ဆုံးတွင် ၎င်း၏ ကိုယ်ကျိုးစီးပွားကိုပါ ထိခိုက်လျက် "သူ့ လက်ထက်၌ ကြီးစွာသော ဆင်းရဲသို့ ရောက်ရ ချေသည်" ဟု ရာဇဝင်မှတ်တမ်းတို့၌ ဖော်ပြလျက် မော်ကွန်း တွင်ရစ်ပါသည်။ မင်းပျက်စီးသည်နှင့် အတူ တိုင်းကားပြည်ရွာလည်း ပျက်စီးရတော့ သည်။ ပဂိုးပျက်သည့် ခရစ်နှစ် ၁၅၉၉ ခုမှ စ၍ ရှေ့တွင် အနှစ်ပေါင်း တဆယ့်ခြောက်နှစ်တိုင်တိုင် ဆူပူလှုပ်ရှားမှုများ ရှိနေပါသည်။ အောက်မြန်မာ နိုင်ငံတွင် ငြိမ်းချမ်းသာယာမှု မရှိသောကြောင့် လူအများပင် ရခိုင် သို့မဟုတ် ယိုးဒယားသို့ ပြေးဝင်သွားကြသည်ကိုလည်း တွေ့ရပါသည်။[၂] ထိုသို့သော အခြေအနေ ဆိုးကို ထိန်းသိမ်း၍ နိုင်ငံကို ပြန်လည်ထူထောင်ရန် ညောင်ရမ်းမင်း[၃] (သီဟသူရမဟာဓမ္မရာဇာ) က စတင်ဆောင်ရွက် ခဲ့သော်လည်း နန်းသက် ခြောက်နှစ်မျှသာ စိုးစံရ သဖြင့် ခရီးဆုံးခန်းသို့ မရောက်ခဲ့ချေ။ ထိုမင်း၏ သားတော် အနောက်ဖက်လွန်မင်း[၄] (မဟာဓမ္မ ရာဇာ ၁၆၀၅-၂၈) က ဆက်လက်ကြိုးပမ်းရာ နန်းတက်ပြီး ဆယ်နှစ်ကျော်ကာမှ ပြည်ရွာ ငြိမ်း ချမ်း သာယာစပြုကြောင်း တွေ့ရပါသည်။ ပြည်သူ လူထု၏ စွမ်းအားကို အရဖော်ထုတ်၍ ပေးနိုင် သဖြင့်သာ ငြိမ်းချမ်းသာယာခြင်း ဖြစ်ပေသည်။ သို့သော် နှစ်ကာလအားဖြင့် တွက်စစ်လိုက်လျှင် အနှစ်အစိတ်မျှ ဆိုးသွမ်းသောကာလကို ပြန်လည် ထူထောင်ရန် နောက်ထပ် နှစ်အစိတ်ကြာကြောင်း တွေ့ရပါသည်။ ၁၆ ရာစု၏နောက်ဆုံးနှစ်အစိတ်က စသည့် ကာလပျက်ခြင်းသည် ၁၆ ရာစုအဆုံးတွင် အဆိုးဝါးဆုံးအခြေအနေသို့ ရောက်၍ ထိုအခြေ အနေမှ ပြောင်းလဲတိုးတက်ကောင်းမွန်လာအောင်

---

* ၁၉၆၅-ခုနှစ် ဇွန်လ ၁၈ ရက် မြန်မာနိုင်ငံသုတေသနအသင်း အစည်းအဝေးတွင် ဖတ်သည်။

** သမိုင်းပါမောက္ခ၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေးမြို့။

၁။ မှန်နန်းရာဇဝင် တတိယတွဲ စာမျက်နှာ ၁၀၀

၂။ Halliday "Immigration of the Mons into Siam" *JSS*, 1913. မှန်နန်း၊ တတိယတွဲ ၂၂

၃။ မှန်နန်း တတိယတွဲ စာမျက်နှာ ၁၁၉-၁၄၅

၄။ မှန်နန်း တတိယတွဲ စာမျက်နှာ ၁၄၉-၉၁

၁၇ ရာစုဦးတွင် အနှစ်အစိတ် မနေမနား ကြိုးစားကြရသည်။ ခေတ်ဆိုး နှစ်အစိတ်ဒဏ်ကို နောက်ထပ်နှစ်အစိတ်ကျော်မျှသာ ခံကြရသည်မှာ ကံကောင်းလှသည်။ ခရစ်နှစ် ၁၆၂၉ ခုနှစ်တွင် မင်းဖြစ်လာသူကို ရွှေအဖို့တွင် ပြည်သူ ကျေးဇူးဖြစ်ရာဖြစ်ကြောင်း ဆောင်ရွက် နိုင်ရာ အံ့လောဟု စောင့်၍ ကြည့်ကြ၏။ ခရစ်နှစ် ၁၆၄၈ ခုနှစ်တွင် ထိုမင်း လွန်သည့်အခါသို့ ရောက်မှ

> တိုင်းကားပြည်ရွာ သာလွန်သောကြောင့်ရှင်းရွှေနန်းတော်ထက်တွင် သာယာစွာလွန်ရသောကြောင့်ရှင်း သာလွန်မင်းတရားဟု ခေါ်ဝေါ်ရေးသားကြကုန်၏။[၁]

ဟု မှတ်တမ်းတင်ခြင်း ခံရသည်။ ထိုမင်းကား သီရိသုဓမ္မရာဇာမဟာဓိပတိ[၂] (၁၆၂၉-၄၈) ဘွဲ့ခံသူဖြစ်၍ ယခု စာတန်းမှာ ထိုမင်း၏ လက်ထက်တွင် ပြုပြင်တိုးတက်လာသော အုပ်ချုပ်ပုံကိုချုံ၍ လေ့လာခြင်း ဖြစ်သည်။အုပ်ချုပ်ပုံမှ ဆက်သွယ်၍ ပြည်သူလူထု၏ ရာဇဝင်ဖြစ်သော လူမှုရေး စီးပွားရေး နှင့် ကိုးကွယ် ယုံကြည်မှုတို့ကို အသင့်အတင့် မြင်သာလိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုစာတန်းအတွက် မှီငြမ်းပြုရာ ဖြစ်သော မှတ်တမ်းများမှာ

၁။ ညောင်ရမ်းမင်းတရား လက်ထက်တော်ကသည် အနောက်ဖက်လွန်မင်း သာလွန်မင်းတရားတို့တိုင် မင်းသုံးပါးအမိန့်တော်အမည်ရှိ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၏ ၄၅၂၃၅ ဂဏန်းအမှတ် ရေးထိုးထားသော ၁၁ ကြောင်းပေ ၅ ဂါတထုပ်။[၃]

၂။ သက္ကရာဇ် ၁၀၀၀ ပြည့် သာလွန်မင်းမှ သည် ၁၀၈၀ ပြည့် တနင်္ဂနွေမင်းတိုင် ထုတ်ပြန်သည့် အမိန့်တော်ပြန်တမ်းစု အမည်ရှိ အမျိုးသားစာကြည့်တိုက်၏ ၈၀/၁၇၁/၇ ဂဏန်း အမှတ် ရေးထိုး ထားသော ၈ ကြောင်းပေ ၅ အင်္ဂါ ၁၁ ချပ် တထုပ်။[၄]

၃။ စကိုင်း ကောင်းမှုတော်ဘုရား မူလထိုး၊ နှစ်မျက်နှာကျောက်စာ

၄။ စကိုင်းကောင်းမှုတော်ဘုရား ပဒုံမင်းဆင့်ထိုး ကျောက်စာ ၆ ချပ်(ဘီ-၁။ ၂၆၂-၇၈) နှင့်

၅။ မြန်မာနိုင်ငံ သုတေသန အသင်းက ၁၉၆၀ ပြည့်နှစ်တွင် ပုံနှိပ်သော **ဇမ္ဗူဒီပဥဆောင်းကျမ်း**[၅]

တို့ဖြစ်ပါသည်။ မစ္စတာ ဟာဗေး၏ မြန်မာရာဇဝင်ကျမ်းတွင်လည်း သာလွန်မင်း၏ စစ်တန်းများ အကြောင်း မှတ်ချက်တခန်း ပါသည်။[၆] ထိုစာတန်းမှတ်စုတို့ကိုပေါင်း၍ **မှန်နန်းရာဇဝင်** ပါ သာလွန်မင်းလက်ထက် အကြောင်း အရာများ[၇] ကို နောက်ခံထားကာ ၁၇ ရာစု၏ ပထမတဝက်

၁။ မှန်နန်း တတိယတွဲ စာမျက်နှာ ၂၅၂

၂။ မှန်နန်း တတိယတွဲ စာမျက်နှာ ၂၁၇

၃။ အောက်ခြေမှတ်ချက်တွင် ဤကျမ်းကို **မင်းသုံးပါး**ဟု အတိုရေးမည်။

၄။ အောက်ခြေမှတ်ချက်တွင် ဤကျမ်းကို **ထောင်ပြည့်**ဟု အတိုရေးမည်။

၅။ အောက်ခြေမှတ်ချက်တွင် ဤကျမ်းကို **ဇမ္ဗူ**ဟု အတိုရေးမည်။

၆။ G. E. Harvey: "Thaluns' Inquest,etc." *History of Burma*, London, Longman, 1925, pp. 347-52.

၇။ ဇမ္ဗူ(၉၉၉ ခု) ၆၃

မြန်မာနိုင်ငံ လူမှုရေးရာဇဝင်ကိုလည်း တတ်စွမ်းသမျှ ဖော်ထုတ်ပါမည်။

မြန်မာနိုင်ငံတော်၏ ၁၇ ရာစုဦးက နယ်နိမိတ်ကို စတင်ဖော်ပြလိုပါသည်။ ယခင်က ရတနာပူရဟု ခေါ်တွင်သော်လည်း ခရစ်နှစ် ၁၅၉၈ (၉၆၀ပြည့်) က စ၍ ရွှေဝ[1] ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့သော နေပြည်တော်ကို မဏ္ဍိုင်ပြု၍ မြန်မာပြည်၊ သျှမ်းပြည်၊ ယွန်းပြည်၊ တလိုင်းပြည်၊ အဝင်အပါ နိုင်ငံတော်သည်

> အရှေ့ကိုလားသော် သံတံတား၊ အနောက်ကိုလားသော် ပင်လယ်နား၊ တောင်ကို လားသော် ယိုးဒယား၊ မြောက်ကို လားသော် ရေပေါ်မီး ငါ့နားကြီး အကျပတ်ကသည်းတို့နေရာ[2]

အထိ ပိုင်ခြားသတ်မှတ်ပြီး ရှိသည်ဟု ၉၉၉ ခုကဆုန်လပြည့်နေ့ ထုတ်ပြန်သော အမိန့်တော်ပြန်တမ်းတွင် ပါရှိသည်။ သဘောအချုပ်အားဖြင့် အရှေ့တွင် ကောင်ဟန်[3] ဇင်းမယ် လင်းဇင်း[4] အထိ၊ အနောက်တွင် ရခိုင်ကမ်းရိုး ဘင်္ဂလားပင်လယ်အော်အထိ၊ တောင်ကို မဒမ ပင်လယ်ကွေ့ ကမ်းရိုးအလွန် ခေါးဝယ် တနင်္သာရီအပါ ယိုးဒယားအထိ၊ မြောက်၌ ချင်းတို့ဒေသကစ၍ ကသည်းတို့ဒေသအထိဟု ဆိုလိုသည်။ သို့သော် အနောက်တွင် **စင်စစ်**အားဖြင့် ရခိုင်သည် ထိုစဉ်က မြန်မာပိုင်နက်တွင် ပါမည် မဟုတ်ချေ။

ကျွန်နယ်မြေအပိုင်းအခြား အတွင်းရှိ မြန်မာတို့ ပိုင်နက်တွင် ခရစ်နှစ် ၁၆၅၀ (သက္ကရာဇ် ၁၀၁၂ ခု) တွင် ရေးထိုးထားသော စစ်ကိုင်း **ကောင်းမှုတော်** အမည်ရှိ ရာဇမဏိစူဠာကျောက်စာ အရ

> စကု စလင်း လယ်ကိုင်း ဖောင်လင် ကလေသောင်သွပ် အစဟိသင်ပြိုကြီတို့ ၏ တဉ်ရာ သုနာပရန္တတိုင်၊ ပုကံ အဝ ပင်ရ မြင်စိုင်း အစဟိသင် ပြိုကြီတို့ဖ်၏ တဉ်ရာ တမ္ဗဒိပတိုင်၊ သိဗော ညောင်ရွှေ မိုဝ်နဲ အစဟိသင် ပြည်ကြီတို့ဖ်၏ တဉ်ရာ ကမ္ဘောဇတိုင်၊ ဗမ်ခွေလုံမ် စန္တာ အစဟိသင် ပြိုကြီတို့ဖ်၏ တဉ်ရာ ဇိန်တိုင်၊ သရေခေတ္တရာ ဥဒေတရစ်ပန်တောင် အစဟိသင် ပြိုကြီတို့ဖ်၏ တဉ်ရာ သိရိခေတ္တရာမတိုင်၊ ကေတုမတီ ဇယဝတီ အစဟိသင် ပြဉ်ကြီတို့ဖ်၏ တဉ်ရာ ဇယဝဍ္ဍနတိုင်၊ ဟံသာဝတီ ဒိဂုံမ် ဒလ ကုသိမ်ရောင်မြမုတ္တိမ အစဟိသင် ပြဉ်ကြီတို့ဖ်၏ တဉ်ရာ ရာမညတိုင်၊ ကျိုင်တုံမ် အစဟိသင် ပြဉ်ကြီတို့ဖ် ၏ တဉ်ရာ ခေဝမရတိုင်၊ ဇင်းမယ် ကျိုင်သဉ် အစဟိသင် ပြိုကြီတို့ဖ်၏ တဉ်ရာ ဟရိပုဉ္ဇတိုင်၊ ကျိုင်ရုံမ် မိုင်စဉ် အစဟိသင် ပြိုကြီတို့ဖ်၏ တဉ်ရာ မဟာနဂရတိုင်[5]

တို့ပါဝင်သည်ဟု သိရပါသည်။ ယခုခေတ် အတိုင်းအတာအားဖြင့် အနောက်တွင် ရခိုင်လျော့၍ အရှေ့၌ ဟရိပုဉ္ဇနှင့် မဟာနဂရတို့ ပိုလာ၏။

---

၁။ မင်းသုံးပါး (၉၆၀ ပြည့်) ၃၃၃

၂။ ဇမ္ဗူ. (၉၉၉ ခု) ၆၃

၃။ ? Keag hung · See Harvey, *Burma*,p · 347.

၄။ Vienchang · See Harvey· *Burma*,p · 100.

၅။ ကျိုင်း ကောင်းမှုတော်ကျောက်စာ ၁၀၁၂ ခု မျက်နှာဖက်စာကြောင်း ၆၇-၇၁၊ မှန်နန်း တတိယတွဲ စာမျက်နှာ ၂၃၇

ဖော်ပြပါ တိုင်းနယ် ပြည်နယ်တို့၌ တွေ့ရှိရမည့် လူမျိုးတို့ကို (အက္ခရာစဉ် ဖော်ပြရလျှင်) အင်းကျယ်၊ ကဒူး၊ ကရင်၊ ကုလား၊ (ဟိန္ဒူ) ကုလားပျို (ပသီ)၊ ကချင်၊ ကသည်း၊ ချင်း၊ ဂျွမ်း၊ ဇင်းမယ်၊ တရက်၊ တရုတ်၊ တလိုင်း (မွန်)၊ ဓနု၊ ပလောင်၊ ပလေ၊ ပုဏ္ဏား (ဗြဟ္မဏ)၊ ဘရင်ဂျီ[1]၊ ယွန်း၊[2] ရခိုင်၊ လဝ၊ လူး၊ လင်းဇင်း၊ သက်နှင့် သျှမ်းတို့ ဖြစ်ပါသည်။ ဤတွင် ကုလားပျိုဟူသည်မှာ ပသီဘာသာဝင် လေးသည်နှင့် သေနတ်စုတို့ဖြစ်၍ ဘရင်ဂျီမှာ ပေါ်တူကီလူမျိုးများဖြစ်၍ သေနတ်နှင့် အမြောက်အမှုထမ်းများဖြစ်ပါသည်။ ထိုနိုင်ငံခြားသားတို့ မိမိတို့ တိုင်းပြည် ပြန်လျှင် နေအိမ်ကို ရောင်းချသွားခွင့် မရှိကြောင်းကိုလည်း သိရပါသည်။ ယခုဖော်ပြပါစာရင်းမှာ အမိန့်တော်များ၌ ပါလေ့ရှိသော အမည်များသာဖြစ်ရကား အကယ်စင်စစ် မြန်မာနိုင်ငံတွင်း၌နေသော လူမျိုးအရေအတွက်သည် ထို့ထက်ပိုရန်သာရှိပါသည်။

တဆယ့်ခုနစ်ရာစုဦးက မြန်မာနိုင်ငံ၏ လူဦးရေကို ခန့်မှန်း၍ရနိုင်စရာ အထောက်အထား တခု ရှိပါသည်။ ခရစ်နှစ် ၁၆၃၅ ခုနှစ် ထုတ်ပြန်သော လက်နက်ကိုင် စစ်သည် အင်အား တိုးချဲ့ရမည် ဟူသော အမိန့်တော်တွင် ညောင်ရမ်းမင်းနှင့် အနောက်ဖက်လွန်မင်းတို့ လက်ထက်က လက်နက်ကိုင်စစ်သည် ၂၀၀၀၀၀ သာရှိသည်ဟု ဖော်ပြ၏။[3] ထိုမင်းများလက်ထက်က အာဏာစက်ပျံ့နှံ့ရာ နယ်နိမိတ် အကျယ်အဝန်း သေးငယ်သေးသဖြင့် ထိုမျှစစ်သည်ကိုသာ စု၍ရသည်။ သာလွန်မင်းက သေနတ် ၁၀၀၀၀၀၊အမြောက် ၁၀၀၀၀၊လေး ၅၀၀၀၀၊ရဲလှေ ၁၀၀၀၊ကင်းလောင်း ၅၀၀၀၊ ကာ ၅၀၀၀၀၊ လွှား ၅၀၀၀၀ အလိုရှိသည်။ ရအောင်စုဟု အမိန့်ထုတ်သည်။ ဤမျှများပြားသော လက်နက်တို့ကို စွဲကိုင်ရန် စစ်သည် လေးသိန်းခန့်လိုမည်ဟု ခန့်မှန်းနိုင်ပါသည်။ ယခင် မင်းတို့ထက် အဆနှစ်ဆယ်မျှတိုးချဲ့လိုသည်ဟု ဆိုလိုရာ ရောက်ပါသည်။ လူငါးယောက်ရှိ တအိမ်ထောင်လျှင် လူတယောက်ထွက်၍ စစ်မှုထမ်းရမဲ့ဖြစ်သော အချိုးနှင့် မှန်း၍ကြည့်လျှင် လူဦးရေမှာ နှစ်သန်းခန့်ရှိပေမည်။ ထိုနှစ်သန်းတွင် လူများစုမှာ လယ်ယာ ကိုင်းကျွန်းကိုမှီ၍ အသက်မွေးသည့် စိုက်ပျိုးရေးသမားများဖြစ်ချေမည်။ မင်းမှုထမ်း မဟုတ်သော ပြည်သူအများကို အသည်ဟု သာမညအားဖြင့် ခေါ်ပါသည်။ စစ်မက်အင်္ဂါကြောင့် ပြည်ရွာပျက်သဖြင့် လူဦးရေ လျော့နည်းသည်ကို ပြန်လည်ဖြည့်စွက် ထူထောင်ရန် နယ်ခြားဒေသမှ လူများကို ရွှေ့ပြောင်း နေရာ ချထားပေးခြင်း ပြုပါသည်။ မှတ်တမ်းတခု၌

> အညာကလာသည့် ရှမ်းလူ မြင်းရည် ကချင် ကရင် အင်းကျယ် ယောကျ်ား မိန်းမတို့ကို တမြို့ကို အသည် ၃၀၀၊ရွာကို ၁၅၀၊ တိုက်ကို ၁၀၀၊ တိုက်ဝင်ကျေးသီး မြို့ရွာတို့မှာ ၁၅၀ အပ်တော်မူသည်[4]

ဟု တွေ့ရပါသည်။ စစ်မက်အင်္ဂါထူပြော၍ မကြာခဏလုပ်ဆောင် စီးပွားပျက်၍ သတ်ဖြတ်ညှဉ်းဆဲခြင်း ခံရသော ခေတ်ကို ကြုံခဲ့ကြရသဖြင့် မင်းပြောင်း မင်းလွဲ

၁။ Feringhi · See Harvey: *Burma*, pp.348–9

၂။ Lao Shan tribes around Chiengmai. See Harvey: *Burma*, p· 166

၃။ မင်းသုံးပါး (၉၉၀ပြည့်) ၆၁

၄။ စာမျက်နှာ ၁၄၀

ရှိလျှင်သော်၎င်း၊စစ်ဖြစ်ပြီဟု သတင်းစကားကြား လျှင်သော်၎င်း၊ပြည်သူတို့ အထူးတုန်လှုပ်ခြင်း ဖြစ်ပေမည်။ လုပ်ခင်းဆောင်တာကိုစွန့်ကာ ပြေးပုန်းပေမည်။ သို့သော် ယခုတကြိမ် မင်းပြောင်းခြင်းကား ကြောက်လန့်ဖွယ် မဟုတ်ကြောင်းကို အနောက်ဖက်လွန်မင်း နန်းတက်သည့် ခရစ်နှစ် ၁၆၀၅ ( သက္ကရစ် ၉၆၇ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့) က အောက်ပါအမိန့်တော်ကို ဆင်နှင့်လည်၍ ပြည်သူတို့ကြားအောင် ဖတ်ရ၏။

ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော အသျှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ခမည်းတော်ဘုရား အရိုက်အရာတော် ဖြစ်သော ရွှေဝပြည်ကြီး၌ ငါ ရွှေနန်းစံတော်မူသည်။ ရောင်းဝယ်နေထိုင်မြဲ ရောင်းဝယ်နေထိုင်ရမည်။ အထိတ် အလန့်မရှိစေနှင့်။ နေထိုင်ရောင်းဝယ်စေ[၁]

ဟု ပြည်သူတို့ကို စိတ်ချမ်းသာအောင် ပြောကြားရ၏။

သာလွန်မင်းလည်း ထိုကဲ့သို့ပင် ခရစ်နှစ်၁၆၂၉ (၉၉၁ ခု) ပဂိုးကို ရပြီးနောက် ညီတော် မင်းရဲနော်ရထာကို ပြည်ရွာမထိတ်မလန့်အောင် မောင်းကြေးနင်း ခတ်စေသည်။[၂] သို့သော် ၁၆၃၇ ခုနှစ် တရုတ်စစ်ရောက်လျှင် ခုခံရန် ပြင်ဆင်သောအခါ၌ လမ်းနှင့် လွတ်သောနေရာများတွင် အကြောင်းမဲ့ မခြောက်ခြားရလေအောင်၊

စော်ဘွား မြို့စား တပ်ပေါင်းစားတို့ကိုလည်း မြို့ရွာစီရင်နက်တို့၌ စစ်သည်ရဲမက် မဝင်မထွက်ရအောင် ခန့်ထားစေရမည်။ အထိတ်အလန့်မရှိစေနှင့်။ နေထိုင်ရောင်းဝယ်မြဲ ရောင်းဝယ်စေ။ ဝန်တို့က စာသင့်အောင်မှာ၊

ဟု အကျိုးအကြောင်း စုံလင်အောင် စာရေး၍ အဝေးအလန်က လူများ မထိတ် လန့်အောင် စာရေး အကြောင်းကြား စေသည်။ စစ်လမ်းကျသော အရပ်တို့၌ကား ပြည်သူကို တတ်နိုင်သလောက် သက်ညှာသော အားဖြင့် အမိန့်တော် ပြန်သည်မှာ၊

မိုးဝန်မြို့သို့ စစ်အင်္ဂါလေးပါးနှင့် ချီတော်မူရာပါသည့် မင်းသား၊ ဗိုလ်မှူး၊ တပ်မှူး၊ ဝန်၊ ဝင်းမှူးတို့မှစ၍ အုပ်စုတပ်ပါ စစ်ကဲ၊ နာခံ၊ တပ်ရေး အရာ အကြပ် အကွပ်တို့၊ အုပ်စု သူရဲသူခက်တို့သည် လမ်းခရီး ဆိုင်သင့်ရာ မြို့ရွာတောနေများတွင် ကြက် ဝက် နွား ကျွဲ ဆိတ်တို့မှစ၍ သူ့အသက်တို့ကို သတ်စားခြင်းမှ ကြဉ်ရှောင်ရမည်။ အရှင်မပေးသော ဥစ္စာကို မလုမယူ မဖျက်ဆီးစေနှင့်။ သမီးပျို သားပျိုတို့ကို အညှင်းအပမ်း မရှိစေနှင့်။ဥစ္စာကြေးငွေ အဆောင်အရွက် တို့ကို မဖျက်မဆီး စေနှင့်။ အိမ်ခေါင်မိုးနား ယောကျ်ား မိန်းမတို့ကို မသိမ်းမယူစေနှင့်။ လူကိုလူခြင်း အထိုးအခုတ် အပုတ်အခတ် မရှိစေနှင့်။ ခိုက်ရန် ဒေါသ မောဟ မာန်မာနတို့ကို ချုပ်တည်းစေ။ မင်းရှိန် စိုးရှိန် ကပ်ခို၍ အာဏာထုတ်ပြ တောင်းဆိုသမျှကို ဆင်းရဲသားတို့က မပေးစေနှင့်။ တပ်တော်နှင့် အနီးအဝေး မထွက်မသွားစေနှင့်။ ဆင် မြင်း ကြောင်းစားသည့် အရာမှာလည်း တပ်တော်နှင့် မဝေး အနီးအပါးတွင်သာ ကြောင်းစားစေ။ လူ အစောင့် အနေ

၁။ မင်းသုံးပါး (၉၆၇ ခု) ၁

၂။ မှန်နန်း၊ တတိယတွဲ စာမျက်နှာ ၂၀၀

> အကြည့်အရှု မလစ်မဟင်း စေနှင့်။ နေ့ာက်တော်လိုက် အစုစု ကျွန်တော်မျိုး တို့တွင် အချင်းချင်း ခိုက်ပွားရန်စစ် မရှိစေနှင့်။ အလော်အလည်ပြိုင်၍ မဆိုစေနှင့်။ အသောင်းအကြမ်း မပြုစေနှင့်။ အပ်ထားသော ဘဏ္ဍာတော်များကို မယိုမယွင်း စေနှင့်။ လက်နက်ကိရိယာ အပ်တော်မူသမျှ အပျက်အစီး အကျိုးအပဲ့ မရှိစေနှင့်။ ပေါက်ပြတ်ရာ အနာမလွတ်မကင်းရှိသည့် ဘဏ္ဍာတော်များကိုပြု၍ အစီရင်ခံစေ။ မကောင်းလျှင် ပြင်လုပ်၍ အပ်မြဲအပ်။ [၁]

ဟူ၍ ဖြစ်၏။

ဤတွင် သူရဲတို့နှင့်တကွ အခိုင်းအစေ ပါသွားသူတို့ လိုက်နာရမည့် စည်းကမ်း ကောင်းပုံကိုလည်း တပါတည်း တွေ့ရပါသည်၊ အချုပ်အားဖြင့် တပ်တွင်း စည်းကမ်းသေဝပ်ရေးနှင့် ပြည်သူကို အကြောင်းမဲ့ မညှဉ်းပန်းရေးကို မူတည်ကြောင်း ရဲရဲ ပြောနိုင်ပါသည်။ ပြည်သူ၏ မေတ္တာကို ခံယူသည်မှာလည်း အောက်ပါ အမိန့်ဖြင့် ထင်ရှားပါသည်။

> အရပ်အကွက်တွင်နေသည့် အသက် ခြောက်ဆယ်ကျော် ခုနစ်ဆယ် သူ ရှစ်ဆယ်သူတို့ကို ကျောင်းဘုရားသွား၍ ကိုယ်စားတော်တင်လှူပူဇော်စေ ဝန်တို့စီရင်

ဟု အမိန့်တော် ရှိဘူး၏။ မင်းမှုထမ်းတို့က ပြည်သူကို အမြဲတစေ ဂရုပြု ညှာတာရန် အထွေထွေ အုပ်ချုပ်ရေး စည်းကမ်း သဘောမျိုးဖြင့် ခရစ်နှစ် ၁၆၃၅ (သက္ကရာဇ် ၉၉၇ ခုနှစ်) ထုတ်ပြန်သော အမိန့်တော်တခုတွင်၊

> ကျေးမက်ရွာပြည်စားသည် ကွမ်းပင်ပျိုးသောအတူ နေလွှတ်အောင် အရွက်ပျိုး၍ အရွက်ရင့်ရာကို ဆွတ်ခူးရောင်းချစားသောက်၍ အသက်မွေးသည့်သဖွယ်၊ ရွာပြည်တွင် ယံုသည့် ကျွန်တို့ကို အမြဲနေစေ၍ ရွာသား ပြည်သားကို မင်းကျေး မင်းကျွန် လျှပ်စား အနိုင်မကျင့်ရအောင် တားဆီး၍ ရွာဘုန်း ရွာလပ်ကို စောင့်ကြပ်၍ အစုအစည်းအတိုင်းကို ချောင်းနှောင်း မေးမြန်းစေ၍ ပြုစု၍ ရွာကို ရွာစားမှီ၊ ရွာစားကို ရွာသားမှီ၊ ပြုစုသိမ်းပိုက်၍စား၊ [၂]

ဟု ပါရှိ၏။ "ကျေးတော်မျိုး အသည်အလာ" တို့ မပင်ပန်းရန် အရေးကြီးကြောင်းပြ၏။ ကျေးရွာမှ ရသည့်အခွန်ကိုသာ မက်မော၍ ကျေးရွာ စည်ပင်အောင် မလုပ်လျှင် ရာဇဝတ် မကင်းဟု ယူဆ၏။ အဘယ်ကြောင့်ဆိုသော်

> ငှက်သည် အသီးရှိခါသာ အပင်ကို နားသကဲ့သို့ အခွန်ခံသာ ရွာကိုသွား၍ ပြန်၍မကြည့်။ ငှက်ကဲ့သို့ မရှိစေနှင့်။ စားဟန်တတ်စေ။ ရွာပြည်ကို မပြု။စားရသောက်ရအောင်သာ စီရင်သော် ကွပ်မည်[၃]

ဟုအမိန့်တော်ထား၏၊ မင်းမိန့် မင်းအာဏာကို အလွဲသုံးစားပြု၍ ပြည်သူကို ညှဉ်းဆဲခြင်း မရှိလေအောင် အမိန့်တော်ထားပြန်သည်မှာ

> ပြည်ရေးတိုင်းရေး စသော ဆင်းရဲသားတို့ကို ညှင်းပန်းနှိပ်စက်၍ မြို့ရွာတွင် မနေဝံ့ ထွက်သွားသည်များကို ရွှေနားတော် ကြားလျှင် ဝန်တို့ နှစ်ခွန်းချေရမည် မမှတ်နှင့်။ ကြီးစွာသော ရာဇဝတ်တော်ကို ခံရလိမ့်မည်[၄]

---

၁။ မင်းသုံးပါး (၉၉၉ ခု) ၁၄၄-၆

၂။ မင်းသုံးပါး (၉၉၇ ခု)ဂ၁-၁

၃။ မင်းသုံးပါး (၉၉၇ ခု) ဂ၁

၄။ မင်းသုံးပါး (၉၉၉ ခု)၁၃၆

ဟု တွေ့ရ၏။ မင်းမှုထမ်းနှင့် ရွာမြေ အကြီးအကဲ တို့ကို ပြည်သူလူထုအပေါ်၌ အမြဲ သက်ညှာရန် ပြည်သူ့အရေးကို ရှေ့တန်းထား၍ ညွှန်ကြားနေခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ပြည်သူတို့ အညှဥ်းပန်း အနှိပ်စက်ခံရမြဲဖြစ်၍ ယခုမှ အာဏာထားတားမြစ်ရသည်ဟုလည်း ယူရန်ရှိပါသည်။ ပြည်သူတို့ ခိုးသေးမီးပွား အန္တရာယ်မှ ကင်းလွတ်အောင် အစီအစဥ် ပြုပေး၏။ မီးအန္တရာယ် အတွက် အောက်ပါ အစီအစဥ်ကို ပြုသည်။

အရပ်အကွက်သားတို့မှာ လူကြီး လူဆော်နှင့် အပြည့်အစုံ ရှိသည်........ခိုးသေးမီးပွား မပေါ် မထွက်ရအောင် ညဥ့်နေ့ နှိုးဆော်၍ တအိမ်ကို ချိတ်ချိတ်သော ဝါး ၁၀ စင်း တန်သည် ၅ စင်းတန်သည် စိုက်ထောင်၍ အိမ်မိုးမှာလည်း ရေအိုး ရေပြည့်တင်စေ။ ထမင်း ဟင်း ချက်ပြုတ်သည်မှာလည်း ကျင်းကို စောက် ၃ တောင် တူး၍ ချက်ချိန်ကိုသာ ချက်စေ။ နံနက် ၄ ချက်တီးကျော် ၃ မောင်းက ချက်ပြုတ်၍ မီးသေငြိမ်းစေ။ ညနေ ၃ ချက်တီး ကျော် ၂ မောင်းတွင် လက်မထောင်မှုးတို့က မောင်းသံပေးလျှင် ထမင်းချက်စေ။ ည (နေ) ၃ ချက်တီးကျော် ၇ မောင်းကို မီးသေငြိမ်းစေ။ ချက်ပြုတ်ချိန် မောင်းသံပေးသည့် အချိန်တွင်းက လွန်သည့်အချိန်တွင် တအိမ်မျှ မီးပွား မီးပေါက် မီးပွင့် မရှိစေနှင့်။ မီးကျင်းတွင် မီးဆော်တို့ အမှိုက်ကြက်မွေးနှင့်တို့၍ စမ်းသပ်စေ။ သေငြိမ်းချိန်ကာလဖြစ်လျက် မသေငြိမ်း စမ်းသပ်သည့် အမှိုက် ကြက်မွေးကို စွဲကပ်လောင်လျှင် မီးရှိသည့် အိမ်ရှင်ကို ရှေ့ရုံးမှာ အပ်စေ။ လမ်းခရီး လမ်းကူး လမ်းကြား လမ်းကျွေပြင်အတွင်း အိမ်များမှာလည်း ဆေးအိုး ဆေးတန် သောက်၍ မသွား မလာစေနှင့်။ သွားလာသူတို့ကို တွေ့လျှင် ဆေးအိုးဆေးတန်ကို လုယူသိမ်းထား၍ အချက် ၁၀၀ ရိုက်။ မီးဆော်ကို တနေ့ငါးကြိမ် လှည့်ပတ် စမ်းသပ်စစ်ကြောစေ[၁]

သူခိုး အန္တရာယ်အတွက်မူ အောက်ပါ အတိုင်း စီစဥ်ထား၏။

ညဥ့်မူ ညဥ့်ခင်း မှာလည်း အမှုအခင်း မရှိသည်ကို ညဥ့် ၁ ချက်တီးကျော်လျှင် မသွား မလာစေနှင့်။ အမှုအခင်းရှိ၍ သွားလျှင် မီးအိမ် မီးအိုးနှင့်သွားလာစေ။ သူခိုးသူဝှက်တို့ အိမ်ရာကျိုကျ ဖောက်ယူတက်ချိုးသည်ကို သိ၍ ဟစ်ကြော်လျှင် ကြားသမျှ ဝန်ရံ ဖမ်းဆီးစေ။ ကြားထောက် သိထောက် သင့်လျက် မလာ မရောက် မညီမညာနေလျှင် နေသူတို့ကို အချက်၅၀ ရိုက်။[၂]

ဟု အမိန့်တော်ရှိ၏။ ထို့ပြင် ကျေးရွာ များတွင် လူဝင် လူထွက်နည်းလေ အမှုအခင်း နည်းလေ ဟု ယူဆဟန် တူသည်။ "တစုကသည် တစုသို့ အဝင်အထွက် မရှိစေနှင့်"[၃] ဟူ၍၎င်း၊ "ထွက်ဝင် ပေါင်းရုက် မရှိစေနှင့်"[၄] ဟူ၍၎င်း၊ ကြပ်ကြပ် တည်းတည်း ထိန်းသိမ်းစေဟူ၍လည်း နှိုးဆော်၏။ အဝင်အထွက်ကို လုံးဝ မြစ်တား၍ မရနိုင်လင့်ကစား နည်းပါးရမည်ဟု ဆိုလို၏။ နိုင်ငံတော် ကျယ်တိုင်းဖြန့်၍ နေကြသော်လည်း မျိုးရိုးအဆက်

---

၁။ မင်းသုံးပါး (၉၉၉ ခု) ၁၃၁-၂

၂။ မင်းသုံးပါး (၉၉၉ ခု) ၁၃၂-၃

၃။ ဇမ္ဗူ။ (၉၉၉ ခု) ၆၄

၄။ မင်းသုံးပါး (၉၉၇ ခု) ၇၂

သားမြေးအထိ သိသာအောင် စာရင်း ရှိစေခြင်းငှာ[1] အမိန့်တော် တခုတွင် တရွာကသည် တရွာ မထွက်မသွားစေနှင့်။ ထွက်သွားခင်းရှိ၍ ထွက်သွားလျှင် မည်သည့်ရွာမှာ နေလိမ့်မည်ဟူ၍ သိစေ[2] ဟု အတိအကျ ဆိုသေး၏။ ဝင်ထွက်သွားလာ နေသမျှကိုလည်း အကြီး အကြပ် တို့က ဇစ်မြစ်နှင့်တကွ သိရှိထားရချေမည်။ ယင်းကို ရည်ညွှန်း၍

> ရွာသူကြီး အသည်ကြီး တို့သည် ရွာတွင် မင်းကျေး မင်းကျွန် မင်းသား မင်းမြေး အမှုးအမတ် ကျွန် ကျောင်းလူ ဘုရားလူ အပေါက်အကျ နေလှာသည်ကို မည်သူလူမျိုး မည်သည့်လူဟူ၍ သိမြင်စေ။ ကောင်း မကောင်းကို ဆုံးမပိုင်စေ။ မင်းမှု ပြည်ရွာမှု ကိုလည်း အမှုရှိလျှင် ရုံးစု စီရင်ပိုင်စေ။ ရွာတွင် တရွာနှင့် တရွာအကြားတွင် လူပျက် လူသွမ်း လူညစ် တို့သည် သိသော်သာ တွေ့သော်သာ တမုံ့၊ မသိ မတွေ့သော် တို့ကို ဘစာပြုရမည်နည်းဟူ၍ မှုဒိန်း ခါးပြ အလု အယက် တောစွန်အိုနားမရှိစေနှင့်။ သိလျှင်ကြားလျှင် တရွာလုံး အုံ၍ ရွာစည်းရွာစပ်ကို ရုံး၍ရှာစေ။ မရှာမလိုက် မရသော် ရွာနေသည်ကို တိုင်ကြီး အမြဲထည့်မည်။ ရွာသူကြီး အကြီးပြုသူကို အကွာရာ[3] ထိုး၍ ဆင်စာရိတ် ထည့်မည်။

ဟု အမိန့်တော် ထားပြန်သည်။ သည်တကြိမ်ကား ပြည်သူနှင့် အကြီးအကြပ်တို့ စုပေါင်း တာဝန်ယူခြင်းကို သင်ကြားပေးခြင်းပင်ဖြစ်ပါသည်။ လူဆိုး လူသွမ်းကို မိဘ မျိုးရိုးနှင့် တကွ သိထားရမည်။ သို့မှ အမြန်ဆုံး ဖမ်းဆီးယူနိုင်မည်။ ရွာသူရွာသားအားလုံးဝိုင်း၍ ဖမ်းရမည်ဟု အမိန့်တော်ရှိခြင်းဖြစ်ပါသည်။ ပေးမြဲ ဆောင်မြဲ အကောက်အခွန်ထက် ပြည်သူတို့ ပို၍ မပေးရအောင်လည်း သတိထား၍ နှိုးဆော်ပြန်သည်မှာ

> ကောက်ရိုး ဟူသမျှသည်..............အစဉ်လက်စွဲစာ၊ ရွှေပြည်စိုးတွင် ရှိသည့် စာရင်းအတိုင်းကိုသာ ကောက်ခံစေ။..........လက်စွဲစာရင်း အစဉ်ကို လွန်၍....လက်စား ကြီးလျှင် မည်သသူ ဟူသရွေ့ မဆိုနှင့်။ ဆေးလယ်တွင် အပေါင်အလက်ဖျက်၍ပြစ်[4]

ဟူ၍ တွေ့ရသည်။ ထုံးစံ ကောက်ခံမြဲထက် ပိုလျှင် ပြည်ရွာခြောက်ခြားမည့်ဘေးကို ကြိုတင်ကာကွယ်ပေးခြင်းဖြစ်ပါသည်။ ဖော်ပြ ပြီးခဲ့သည့် ကောက်နုတ်ချက်များအရ "ပြည်သူတို့ ဝမ်းနည်းအောင်" မပြုအပ်ဟူသော အချက်ကို သာလွန် မင်းတရားအထူး ဂရုစိုက်ကြောင်းသိရလျက် ထိုအုပ်ချုပ်ပုံမျိုး လက်အောက်၌ ပြည်သူ မနွမ်းနယ်ဟု ကောင်းစွာ မှန်းဆနိုင်ပါသည်။

သာလွန်မင်း ကိုယ်တော်တိုင်က ပြည်သူကို ဘယ်သို့ သဘော ထားသည်ကို စုံစမ်းရန် လိုပေဦးမည်။ ခရစ်နှစ် ၁၆၃၈ (သက္ကရာဇ် ၁၀၀၀ ပြည့် တန်ဆောင်မုန်း လဆန်း ၃ ရက် ၆ နေ့) အမိန့်တော်တမ်းကြီးတွင်

> ရှစ်ပြည်ထောင်ကို အစိုးရတော် မူသော မြင်သ၍ ရှိသ၍သော လူတို့၏ အရှင်မင်းကြီး မင်းမြတ် အစိုးရခြင်း ငါဖြစ်တော် မူသည်။

---

၁။ မင်းသုံးပါး (၉၉၈ ခု) ၁၀၈

၂။ မင်းသုံးပါး (၁၀၀၇ ခု) ၃၄၉-၅၀

၃။ မင်းသုံးပါး (၉၉၈ ခု) ၈၈

၄။ မင်းသုံးပါး (၉၉၇ ခု) ၇၉

သည်မြင်သ၍ လူသည် မင်းတယောက်ကိုသာ မှီ၍ဖြစ်သည်။ မင်းမပိုင်သူ ရှိသည် မဟုတ်။

ထိုသို့ မင်းပိုင်သည် လူဟူသမျှကို ရောက်ပေါက်ရာရာသွား၍ ထင်မြင်ရာရာ စည်းမဲ့ ကမ်းမဲ့ နေသာတော့မည် မဟုတ်ချေ။ "စုရုံး စည်းနှောင်ကြောင်း အရိုး" ရှိ၏ဟု ဆိုပါသည်။မင်း၊ ရဟန်း၊ သူကြွယ်၊ သူဆင်းရဲဟု လေးမျိုးအပြင် အမှုထမ်းတို့ကိုလည်း အစုအငန်းနှင့် ဖွဲ့စည်းထားရ၏။

စစ်သည်အင်္ဂါလေးပါးဝယ်လည်း တကျိပ်ကို ခေါင်းတယောက်၊ ခေါင်းတကျိပ်ကို စစ်ကဲတယောက်၊ စစ်ကဲ တကျိပ်ကို ဗိုလ်မှူးတယောက်၊ ဗိုလ်မှူးတကျိပ်ကို စစ်သူကြီးတယောက်၊ စစ်သူကြီး တကျိပ်ကို မင်းတယောက်ချုပ်၏။ ........ရဲရင့် စွန့်စား မြဲမြံတည်ကြည်သော သူရဲတကျိပ်က သက်၍ မင်းတယောက်ဝယ် စစ်သည် သူရဲပေါင်းသည် တသိန်း ဖြစ်၏။

ထိုသူရဲတို့အားဖြင့် ပြည်ရွာငြိမ်းအေးအောင် ထိန်းသိမ်းခြင်း ပြုရာ၌ မင်းကား ဥယျာဉ်မှူးဖြစ်၍ ပြည်ရွာမှာ ဥယျာဉ်သာတည်းဟု ဆက်လက် ဖော်ပြပါသည်။

ပျိုးသည့် စိုက်သည့် ပြင်သည့် လုပ်သည့် ဥယျာဉ်သဖွယ်ဖြစ်၏။ ငါ့တွင်မူကား မသန်သည်ကို သန်အောင်၊မပွင့်သည်ကို ပွင့်အောင်၊ မသီးသည်ကို သီးအောင်၊ မစည်သည်ကို စည်အောင်၊မပွားသည်ကို ပွားအောင်၊ အစွတ်သင့်သည်ကို အစွတ်နှင့်၊ အခြောက်သင့်သည်ကို အခြောက်နှင့်၊ ချဉ်သင့်သည့် အပင်ကို အချဉ် မပေါက်ရအောင်၊ ခါးသည့် အပင်ကို မသက်ရအောင်၊ ချိုသည့်အပင်ကို မပြက်ရအောင်၊ အမြစ်ရှက်သ၍ သြဇာ ပေါ့သည် ပျက်သည်များကို အမြစ်အပင် မရှက်ရအောင် တတ်လှသော ဥယျာဉ်သည် သုတ်သင် သိမ်းပိုက် စိုက်ပျိုးပြုစုသကဲ့သို့ သာသနာတော် စီးပွား၊ ပြည်သူလူတကာ သတ္တဝါအပေါင်းတို့ စီးပွား၊ မိမိပြည်နိုင်ငံ၌ရှိသော လူအပေါင်းတို့ကို ကတိတည်စွာ ငယ်သသူကို ကြီးသာအောင်၊ ကြီးသသူကို အိုသာအောင်၊ အိုသသူကိုလည်း ချမ်းသာစွာ သေရအောင်

ဟူ၍ ဥယျာဉ်မှူး၏တာဝန်မျိုးသည် မင်း၏တာဝန်သာ ဖြစ်သည်ဟု ယူဆသည်။ ပြည်သူလူထု၏ ဘဝအခြေအနေကို တတ်စွမ်းသလောက် သက်သာ ချောင်ချိစေခြင်းပင် ဖြစ်သည်။

သာသနာတော် ပြည်သူလူ ရဟန်း စီးပွားကို ဆောင်ပေသည်။ မြင်သ၍သော ဗိုလ်ပါအပေါင်း နှင့် ရထားထိန်း လည်း နှင့် သဖွယ် သတ္တဝါ အပေါင်းတို့ကို ဆောင်စေသင့်သည် မဟုတ်လောဟု မိမိကိုယ်ကို လိမ်မာ ကျွမ်းကြင်သော ရထားထိန်းဟု သဘောထား၍ ပြည်သူလူရဟန်း၏ အစီးအပွားကို ဆောင်ပေအံ့ဟု နှလုံးထား၏။

ပြည်ရွာ ငြိမ်းချမ်း၍ လူဦးရေ တိုးပွားသည်ကိုလည်း အလိုရှိ၏။ ထို့ကြောင့် အမှုထမ်းတို့တွင် ကြီးကြပ်သူတို့က အိမ်ထောင်လွတ် မြင်လျှင် အကျိုးသင့် အကြောင်းသင့်ပြ၍ နေရာချထားရန် မှာထား၏။

တို့အဝင်တွင် လင်မရှိသော မိန်းမ အသက် ၄၅နှစ် ၄၆နှစ်အရွယ်သည် တောင်းတလုံးနှင့်

၃။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၂၃၃

ရှာစား၍ (မည်) သူနှင့် ဖက်၍ အဝင်ဖြစ်ချေ
တော့မည်။ တို့ဝင်းတွင် မယားမရှိဘဲ အမှု
တော် ရှည်မည့်သူသင့်နှင့် အိမ်ပေး(ရော)၏။

ဟု ဆုံးဖြတ်၍ ဆောင်နှင်းရန် တိုက်တွန်း၏။ အရွယ်လွန်သော အပျိုကြီးများသာမက အရွယ်ရောက်လာသော လူငယ်တို့၏ အရေးကိုလည်း ကြည့်ရှုစေသေး၏။

ငါ့တိုင်နက် အစု မည်မျှ၊ မည်သည့် အစုဝယ်
ဦးရေ မည်မျှ၊ အဝှန်း မည်မျှ၊ အမှုထမ်းဝယ်
လူအိုကျ မည်မျှ၊ သည်အနက် အိမ်ထောင်စိုး
မည်မျှ၊ ယောကျ်ားလပ် မည်မျှ၊ သား မည်မျှ၊
သမီး မည်မျှ၊ မည်သည့် သက္ကရာဇ် မည်မျှခုက
သားအရင်း မည်မျှ၊ ယခုသည် သား အထမ်း
သွင်းလောက်ပြီ၊သမီး အိမ်နေလောက်ပြီ၊ အစု
ခြင်းတွင် ခေါင်းအဝှန်း၊ သားမိ၊ သားဘ၊
လင်မပေးဘဲ၊ မယားမပေးဘဲ၊ လက်ယူခြေပင့်
တမုံ ( ဟု ) မိဘ ထားလေလျှင် အလုပ်
အဆောင်ကား မိဘပိုင်၏။ အိမ်မှုရာမှုကို မိဘ
မပိုင်ချေ။ သည် သူငယ်မတို့ အရွယ်တန်လျှင်
လေလွင့် တော့မည်။ စိတ် လိုလိုက် လေ တော့
မည်။ ယောကျ်ားလပ်နှင့် မိန်းမလပ်ကို မလပ်
မနေရ အောင် အိမ်ထောင်ပေး၍ အမှုထမ်း
တယောက်သည် သို့မှ နှစ်ယောက်သုံးယောက်
ပွားသည်။

ဟု ညွှန်ကြားပါသည်။ လူဦးရေ တိုးခြင်း၊ စစ်အင်္ဂါ တိုးခြင်း၊ လုပ်အား တိုးခြင်း တို့ကို ရည်ညွှန်းလျက် အားပေးခြင်း ဖြစ်ပါသည်။ ညွှန်ကြားသည် ဆိုရာ၌လည်း လက်အောက်က ဥာဏ်နှင့် ယှဉ်၍ လိုက်နာဆောင်ရွက်ခြင်းကိုသာ အလို၍ အပ်ကြောင်းကို ဖော်ပြလိုသဖြင့်

ငါ အမိန့်တော် ရှိသည်။ သို့ကို လေ့စီးလျက်
ကျည်းသို့ တက်လျှင် တက်ကို ပစ်ခဲ့သည်
ဆိုသကဲ့သို့ အမိန့်တော် ရှိသည်ကို ဆိုလျှင်
အမိန့်တော်အတိုင်းကို စီရင်တော့သည် ဟူ၍
ကရုတ်ကရက်နင်းကျိုး နင်းကျန် (မပြုရ)။
အချက်အလက် မသိ၊ အယူအငင် မသိ၊ အတိ
ဗလ မပြု၊စိတ် မမြဲ၊နှစ်လုံး မမြဲ၊စီရင်သည်ဟူ၍
ပြုသည်။ ခွေးလေ အိမ်မသိ အသံထွက်ဆန်း
ဟောင်၏ သို့သာ စီရင်သည်

ဟူ၍ မပြုရဟု မှာထား၏။ အမိန့်တော်ကို အဆင့်ဆင့်ပေး၍ သဘောအနက်နှင့် အဖြစ်အပျက်ကို ဆက်စပ်လျက် မလေ့လာလျှင်

တနေ့ရှစ်ခါ အချိန်ကို သိ၍ တွန်ကြသော
ကြက်သည် ညှော်သည်ရောက်၍ သတ်စားမည်
ကို မသိသကဲ့သို့ ....... စစ်သည်၊ ကြောသည်၊
စီရင်သည်ဟူ၍သာ တဆွဆွနှင့် ပြည် ခြောက်
ခြား ရွာခြောက်ခြား

သာ ဖြစ်သည်ဟု အဖြေထွက်ကြောင်း လက်တွေ့ကိစ္စတခု ဆောင်၍ ရှင်းပြသေး၏။ နန်းတက်၍ ခရစ်နှစ် ၁၆၃၃ (သက္ကရာဇ် ၉၉၅ ခု) ဘိသိက်ခံပြီးသည့်အထိ ပဉ္စင်းမခံစေနှင့် ရဟန်းမခံစေနှင့်ဟု အမိန့်တော်ရှိဘူးသည်မှာ ပြည်ကြီး ဝန်ဖြစ်သော ပြန်လည်ထူထောင်ရေး တာဝန်ကို ရှောင်လို၍သာ ပရိယာယ်ဖြင့် ရှင်ယောင်ပြုခြင်းကို ပိတ်ပင်ခြင်းဖြစ်သည်။ သာသနာတော်၏ အကျိုးကို မလို၍ မဟုတ်ကြောင်း အမိန့်တော်ကို လိုက်နာဆောင်ရွက်ရသူတို့ သိရမည်ဟု ဖော်ပြပါသည်။ [၂]

---

၁။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၂၄၇

၂။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၂၃၃-၅၅

သာလွန်မင်း၏ သဘောထားကို အချုပ်အားဖြင့် ဆိုရသော် ငါကား ဘုန်းကြီးသော မင်းကောရာဇ်ဖြစ်သည်။ မြင်မြင်သမျှ ငါ့ကျေး ငါ့ကျွန်သာဟု ဖိစီးနှိပ်စက်လိုစိတ် မရှိ။ အများပြည်သူအေးချမ်းသာယာ၍ ပြည်ရွာ တိုးပွား စည်ကားခြင်းကို အလွန် အလိုရှိသည်။ လူဦးရေ ပွား၍ လုပ်အားတိုးခြင်းကိုလည်း လိုသည်။ ထိုသို့ အလိုတော်ကို အထောက် အထား ပြုရန် မင်းမှုထမ်းဆိုသူတို့ကို ခန့်ထားသုံးစွဲရသော်လည်း ယင်းတို့က ပြဿနာ အတိမ်အနက်ကို မစူးစမ်း အမိန့်ဟူခါမျှဖြင့် တာဝန်မဲ့ ဆင့်ဆိုခြင်း ကြောင့် ပြည်ရွာ ခြောက်ခြားမည်ကို အလွန်စိုးရိမ်၏။ မင်းနှင့်ပြည်သူ ဆက်ဆံရာတွင် ပြည်သူသာ လျှင် ပဓာနဖြစ်ကြောင်း ရုပ်လုံးပေါ်လျက် ရှိပါသည်။

မင်းနှင့်ပြည်သူ ဆက်ဆံရေးတွင် ပြည်သူ အချင်းချင်း တရားစကား အရှက်အတင် ရှိသော အခါ၌ မင်းက ပါဝင် ဆောင်ရွက်ရပုံကိုလည်း ဖော်ပြရပေဦးမည်။ တရားစကားရှိလျှင် ရှင်းလင်းရာ၌ အခြေခံသဘောမှာ

ကြီးသည့် စကားကို ငယ်အောင် ငယ်သည့် စကားကို ပပျောက်အောင် စီရင်[1] ဟု မင်းမိန့်လည်း ရှိ၏။အစဉ်အလာထုံးလည်း ရှိသည်။အချုပ်အားဖြင့် ဖြန်ဖြေခြင်းပင် ဖြစ်ပါသည်။ သို့သော် စံပြထုံးပုံအနေဖြင့် "ခုံသူမတ်" ခေါ် တရားသူကြီးတို့အတွက် အားထားစရာ ဓမ္မသတ်ဖြတ်ထုံးများ ရှိပါသည်။ ခရစ်နှစ် ၁၆၂၉ (သက္ကရာဇ်၉၉၁ ခု) ကပင် သာလွန်မင်း အမိန့်တော်နှင့် တောင်ဖီလာ ပုဂ္ဂိုလ်ကျော်နှင့် ကိုင်းရွာစား မနုရာဇာတို့ စီရင်သော **မနုသာရ ရွှေမျဉ်းဓမ္မသတ်** ဟု ရှိခဲ့ပြီ။[2]

သာလွန်မင်း၏ ၁၆၃၅ (၉၉၆ ခု) အမိန့်တော် တခုငယ် တရားသူကြီး ၁၀ မျိုးရှိကြောင်းသိရ၏။ ယင်းတို့ကား

(၁) မြို့၌နေသော တရားသူကြီး
(၂) မင်းတို့က ထားသော တရားသူကြီး
(၃) အမှုသည် ၂ ဦး ခွင့်ပြုသော တရား သူကြီး
(၄) မင်း တရားသူကြီး
(၅) မြို့ရွာ၌ စီရင်သော တရားသူကြီး
(၆) သီလသတင်းရှိသော တရားသူကြီး
(၇) သာယာသောစကားကို ဆိုတတ်သော တရားသူကြီး။
(၈) အမှုသည်နှစ်ဦး စဉ်းလဲသည်ကို တတ်သိသော တရားသူကြီး
(၉) အမှု၌တွင်သော တရားသူကြီးနှင့်
(၁၀) ပညာရှိ တရားသူကြီး

တို့ ဖြစ်ပါသည်။ ထိုတရား သူကြီးတို့ အတွက် လက်ကိုင်ဆောင်ပုဒ်မှာ **တရားတွေ့ရာ၌ ပြည်သူတို့တွင် အဘိုးထက် လက်ခကြီး မဖြစ်စေရ**[3] ပင် ဖြစ်ပါသည်။ အမှုသည် တရား သူကြီးကို ပေးရသော ကွမ်းဘိုးကိုသာ အလိုရှိ၍ အမှုလက်ခံစစ်ဆေးသည့် ပုံစံမျိုး မဖြစ်စေရဟု ဆိုလိုသည်။

အမှုသည်တို့ အရေးအခင်းရှိသလောက် မပြောမဆို တတ်သည့်အခါ ရှေ့ဆောင်ရန် ရှေ့နေဟူ၍ ရှိ၏။ ယင်းတို့အပေါ်၌ ထိုခေတ်အခါက သဘောထားမှာ အလွန်စိတ်ပါဝင်စားဖွယ်ဖြစ်ပါသည်။

ရွှေဘဝါးတော်အောက်တွင် အမှုသည်တို့ လာဘက်ဦး ကွမ်းဦး ပဏ္ဏာကာရ စားလို၍ ခေါင်းရပ် ရှေ့နေပြု၍ လိုက်သူတို့မှာ ခမည်းတော်(ညောင်းရမ်းမင်း)လက်ထက် အာဏာ

---

၁။ မင်းသုံးပါး (၁၀၀၈ခု) ၃၅၇
၂။ ပိဋကသမိုင်း (၁၉၅၉) ၂၃၄-၅၊ Harvey: *Burma*, p. 195
၃။ မင်းသုံးပါး (၉၉၈ခု) ၁၀၅

> ထားတော်မူသည့်အတိုင်း ဖောင်းချွန်းပေါင်း၍ အိပ် ၁ လုံး ခွက် ၁ လုံး ယပ်ရိုးဝါကိုင်၍ လိုက်စေ။ ရှေ့နေ ခေါ်သူတို့က ခြေကြွကြေး ၃၇ ၂ တခေါက်လျှင် ပေးစေ။ တခေါက်လိုက်ကြေး ၃၇ ၂ ပြင် တိုးပွား၍ မခံစေနှင့်။ တောင်းသူကလည်း မတောင်းစေနှင့်။ ပေးသူကလည်း မပေးစေနှင့်။ ခမည်းတော်ဘုရား အမိန့်တော်ကို ဆန့်လွန်၍ ရှေ့နေ တခေါက်ခေါ်လျှင်ကြေး ၃၇ ၂ ပြင် တိုးပွား၍ တောင်းရမ်းယူလျှင် နှစ်ခွန်းချေရမည်မမှတ်နှင့်။ ရှေ့နေ ရှေ့ရပ်ခံသူမတ်တို့သည် နေ့တိုင်းပင် မုသာဝါဒစကားနှင့် မလွတ်မကင်း နိုင်သည်ဖြစ်၍ မြို့တွင်းတွင် မနေစေနှင့်။ မြို့ပြင်မှ အစုအကွက်ချ၍ အိမ်ဆောက်နေစေ။ ဝန်တို့စီရင်၊ သက္ကရာဇ် ၉၆၉ ခု ပထမဝါဆိုလဆန်း ၁၀ ရက်နေ့ နာခံ စမြောင်မှူး လွတ်တွင် ပြန်သည့် အမိန့်တော်[၁]

ဦးထုပ်အချွန်ကိုဆောင်း၍ ယပ်အရိုးဝါထမ်းခါခွက်တလုံးဆွဲလျက် လွယ်အိတ်တလုံး လွယ်၍ လျှောက်သွားနေသော ရှေ့နေတယောက်ကို အများကလူလယ်ထယောက်ဖြစ်၍ ရဲရဲ မဆက်ဆံဝံ့ပုံကို မြင်ယောင်မိပါသည်။ ကြေးတပိဿာမှ ငွေတကျပ်မျှ တန်မည့် ခေတ်အခါမို့ သူရသည့် အခကြေးငွေမှာ တခါလိုက်မှ ကြေး ၃၇ ၂ ဖြစ်သောကြောင့် မမက်မောလောက်ချေ။ သို့သော် အပြောအဆိုလည်ပတ်သူများ ဖြစ်ခြင်းကြောင့် အထူးသတိထားရမည်ဟု မှာရ၏။ "တရားသူကြီးတို့ နှလုံးအဆုတ်ကို ကုတ်ဝင်စားသကဲ့သို့"[၂] ပြောသည်ကို တရားသူကြီးက ဟန့်တားနိုင်ရမည်။ မဟန့်တားနိုင်၍ အဟုတ်ကို မဟုတ် မဟုတ်ကို အဟုတ်ဖြစ်ခါ တရားအဆုံးအဖြတ် လိမ့်လည်းလျှင် ပြည်ရွာအလယ်၌ ပြောင်ပြောင်"ခေါးပြတိုက်သော၊ ထင်ထင်ခိုးသော"[၃] သူ ဖြစ်ချေမည်။ ထို့ကြောင့် ရှေ့နေသည် တရားရှိသည်ကိုသာ မဆိုမူ၍ စကားတတ်တိုင်း ချဲ့ထွင်မွှေနှောက်၍ ဆိုလျှင် သျှောင်ကိုဆွဲ၍ချစေ[၄] သို့မဟုတ် အချက်တရာရိုက်စေ[၅] ဟု အခွင့် အာဏာ ပေး၍ ထားပါသည်။ ရာဇသတ်ဓမ္မသတ်ထုံးပုံနှင့် ဆုံးဖြတ်တတ်ကောင်းသောအမှုဖြစ်လျက် ရှေ့နေလုပ်သူက လှည့်ပတ်၍ သက်သေကင်းမဲ့သော အမှုမျိုးတွင်မှ လုပ်ရသည့် ကမ္ဘာ့လေးရပ်ဟူသော တရားသေလေးပါတွင် တပါးပါး လုပ်ရလေအောင် ဆွဲဆောင်လျှင်လည်း မြစ်တားရမည်ဟု သတိပေးပါသေးသည်။[၆] လွှတ်ရုံး၌ အော်ကြီး ဟစ်ကျယ် အကြမ်းအတမ်းဆိုနေသော ရှေ့နေငယ်ကိုလည်း အချက် ၁၀၀ ရိုက်ရမည်ဟု အမိန့်ရှိပါသေးသည်။[၇] သို့သော် ရှေ့နေသည် တရားသူကြီးကို အမှန်မြင်နိုင်အောင် ညွှန်းနိုင်သူ ဖြစ်ကြောင်းကိုကား အသိအမှတ် ပြုပါသည်။[၈] ရှေ့နေကသာ အမှန်တရားကို ဖော်ထုတ်နိုင်လျှင်

> သာသနာတော်၏ စီးပွား ပြည်သူလူရဟန်း
> စီးပွား မင်းစီးပွားတိုင်အောင်[၉]

ဖြစ်ထွန်းရာ၏ဟု ယုံကြည်၏။ စင်စစ်အားဖြင့်လည်း ထိုရှေ့နေမျိုးကိုသာ ရှေ့နေဟု အခေါ်ခံထိုက်သည်ဟု သာလွန်မင်းက ယူဆပါသည်။

---

၁။ မင်းသုံးပါး (၉၆၉ ခု)၃
၂။ မင်းသုံးပါး (၉၉၀ ခု)၁၀၅
၃။ မင်းသုံးပါး (၉၉၀ ခု)၁၀၇
၄။ မင်းသုံးပါး (၁၀၀၀ခု)၃၅၇
၅။ မင်းသုံးပါး (၉၉၆ ခု)၃၇
၆။ မင်းသုံးပါး (၁၀၀၁ခု) ၂၉၇
၇။ မင်းသုံးပါး (၉၉၉ ခု) ၁၂၉
၈။ မင်းသုံးပါး (၉၉၀ ခု) ၁၀၆
၉။ မင်းသုံးပါး (၉၉၀ ခု) ၁၀၆

အမှုအခင်း ဟူသည် တရားမမှု ရာဇဝတ်မှုဟူ၍ နှစ်မျိုးရှိရာတွင် တရားမမှုတွင် ခိုးသေးမီးပွား နွားတိရစ္ဆာန် လက်လွန် ရောင်းရေးဝယ်တာ အငြင်းအခုန်နှင့် ပတ်သက်ခဲ့ဝေရသည့် လင်ခန်းမယားခန်း အမွေမှုများပင် ဖြစ်ပါသည်။ ရာဇဝတ်မှု ဟူသည်ကား မင်း၏ အာဏာကို ဖီဆန်သည့် အမှုမှန်သမျှကို ခေါ်ပါသည်။ သို့သော် ရှေးခေတ်အခါက မြို့ရိုး ပြအိုး စည်တော် စသည်တို့၌ လောကီပညာအလိုက် အင်းရေး အင်းမြှုပ် ပြုရာတွင် လုပ်နည်းလုပ်ဟန် အရေးအသား ချွတ်ယွင်းသည်ကိုလည်း ပြည်ရွာပျက်စီးကြောင်းဟု ယူဆသဖြင့် ရာဇဝတ်မှုပင် ဖြစ်ပါသည်။[၁] ထို့ပြင် မင်းမှုထမ်းတို့သည် မိမိအား ပေးအပ်ထားသည့် အစီးအနင်း အဆောင်အရွက်ကို ရသလောက်မသုံးလျှင်သော်ရင်း၊[၂] ရသည့် အဆောင်အရွက်ထက် ပို၍ သုံးလျှင်သော်ရင်း၊[၃] ရသည့် အသုံးအဆောင်ကို ကျစ်လစ်ဖွယ်ရာအောင် မသုံးမစွဲတတ်၊ မင်းပရိသတ်အလယ်တွင် နားတောင်းကျွတ်ကျခြင်း၊ ချမှတ်ထားသည့်နေရာတွင် မနေမိခြင်းကိုလည်း[၄] ရာဇဝတ်ဟု ယူဆ၍ ကြိမ်ဒဏ် ၁၀၀၀ အထိ အရိုက်ခံရခြင်း၊ အရာမှ နုတ်ပယ်ခြင်း၊ တိုင်ကြီးထမ်းလိုက်ရခြင်း နှင့် ဆင်စာရိတ် လိုက်ရခြင်း တည်းဟူသော ဒဏ်ကြီးများကို ခံရတတ်ပါသည်။ စီရင်ခြင်း တည်းဟူသော အကြီးဆုံး အပြစ်ဒဏ်ကား တံကျင်လျှိုခြင်း စသည်တို့ဖြစ်၍ လူဆိုရာတွင် အပေါင်အလက် ဖွဲ့၍ မည်သူမျှ ယူဆောင်သင်းဂြိုဟ်ခွင့် မပြုခြင်းကား "မကောင်းသဖြင့် စီရင်ခြင်း"ပင် ဖြစ်ပါသည်။[၅]

မင်းနှင့် ပြည်သူတို့ အကြားတွင် အမှုဆောင်ရသော အမှုထမ်းတို့အကြောင်းကို ပြောလိုပါသေးသည်။ အရာကြီး အထူးကြီးများကို အရည်အသွေးအလျောက် မင်းက ခန့်ထားသော်လည်း ကျေးရွာအုပ်ချုပ်ရေးအဆင့်နှင့် အမှုထမ်း အကွပ်အကြပ် စသော ရာထူးငယ်များ ခန့်ထားရာ၌ ရိုးရာလည်း မှန်စေ၊ ငယ်သားလည်း ကြိုက်စေ၊ မင်းလည်း ကျေနပ်စေ ဟူသော မူနှင့် အများသဘောတူ ရွေးကောက်တင်မြှောက်ခြင်း ထုံးစံရှိပါသည်။[၆] အမှုထမ်းတို့တွင် ငယ်သား အကဲ အကြီး အကြပ် အမှူး အချုပ်ဟူ၍ အဆင့်ဆင့် ရှိပါသည်။ ထို့ပြင် နန်းတွင်းအမှုထမ်း ပြည်ရွာအုပ်ချုပ်ရေး အမှုထမ်း စစ်မှုထမ်း ဟူ၍ အကြမ်းအားဖြင့် သုံးမျိုးခွဲရချေမည်။ နန်းတွင်း အလုပ်သမားတို့တွင် အလုပ်ကြမ်း သဘောမျိုးလုပ်ရသူတို့ကို အနောက်ဝန်က ကြီးကြပ်ရပါသည်။ အနောက်ဝန်၏ စီရင်စုတွင် အထိန်း၊ အချီတော်၊ ကဝါ၊ ကျုံး၊ ကြေး၊ ဘဏ္ဍာတော်ဆက်၊ စားတော်ဆန်ဖွပ်၊ စားတော်သည် (အတွင်း)၊ ငှက်တော်စောင့်၊ ဆူးပန်းတော်လုပ်၊ ဆန်တော်ဆက်၊ ဆွမ်းတော်လောင်း၊ ထီးတော်လုပ်၊ ထင်းတော်၊ ထမ်းစင်ထမ်း၊ ထုံသင်းသွေး၊ သောင်ကျင်၊ နန်းတော်လုပ်၊ နွားနို့ညှစ်၊ နွားဘဏ္ဍာထိန်း၊ ပေါက်ခလှော်၊ ပြည့်တန်ဆာ၊ ဗေဒင်စာပြန်၊ ဗိုင်းတာ၊ ရေကြည်တော်၊ ရေဘဏ္ဍာ၊ ရက်ကန်း၊ ဝန်တော်ရွက်၊ သပေါက်၊ သပေါက်မှူး၊ သူငယ်တော်၊ သန့်စင်တော်၊ သျှမ်းသူငယ်နှင့် သွေးသောက်လူဟောင်း

၁။ မင်းသုံးပါး (၉၉၇ ခု) ၄၆
၂။ မင်းသုံးပါး (၁၀၀၀၀ ပြည့်) ၂၂၇
၃။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၂၃၃
၄။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၂၂၃
၅။ မင်းသုံးပါး (၉၉၇ ခု) ၇၉
၆။ မင်းသုံးပါး ၁၉၃
၇။ မင်းသုံးပါး (၉၉၇ ခု) ၅၀–၉

တို့ ပါဝင်ပါသည်။[1] တွင်းသင်းတိုက်ဝန်က တနန်းတော်လုံးအတွက် လိုသမျှ နေ့စဉ် စားသောက်ဖွယ် သစ်သီးဟင်းရွက် အစိမ်းအစိုများကို သွင်းရသည်။[2]

နန်းတွင်း၌ ဖျော်ဖြေရန် သဘင်တော် ကိုးစု ဟူ၍ ပါရှိသေးသည်။[3] အမျိုးအမည် အားဖြင့် သျှမ်း အတီးအက၊ ယွမ်း အတီးအက၊ ခနွ အတီးအက၊ သက် ကသည်း အတီးအက၊ ယိုးဒယား အတီးအက၊ တရုတ် အတီးအက၊ ရခိုင် အတီးအက စသည်ဖြင့် တွေ့ရသည်။[4] ယင်းတို့မှာ ဆိုတီးကခုန် ဖျော်ဖြေရသူများ ဖြစ်၍ နန်းတွင်းသားမင်းသား မင်းမြေး အမြိတ်အစွန်တို့နှင့် နီးစပ်လွယ်မည် ဖြစ်ပါသည်။ ထို့ကြောင့် အမိန့်တော်တခုတွင်

> (သဘင်တော်) ကိုးစုသားတို့နှင့် ငါ့သားတော် မြေးတော် မြစ်တော်တို့ သွားလာရာတွင် မွေးမြင်သည့်သားတို့ကို မင်းညီမင်းသား မင်းမျိုး မဆိုစေနှင့်။ သဘင်တော် တို့သာ ပါစေ။ သဘင်တော်အစု မဟုတ်သည်ကို ဝင်ထွက် ကူးသန်း၍ မထမ်းစေနှင့်[5]

ဟု တွေ့ရပါသည်။ သဘင်တော်အစုချင်း အိမ်သင့်လျှင်မူ သားယောကျ်ားရလျှင် ဂျွမ်းမှာထမ်းစေ။ သမီးမိန်းကလေး ရလျှင် မိဖုရားစည်တော်တီးမှာ ထမ်းစေရပါသည်။ ခရစ်နှစ် ၁၆၃၅ (၉၉၇-ခု) တွင် နန်းသိမ်းပွဲ လုပ်စဉ်က သဘင်များစွာ ခံ၏။ ထိုစဉ်က အမိန့်တော်တခုမှာ

> မြန်မာဆိုင်း မြန်မာအက တလိုင်းဆိုင်း တလိုင်းအကတို့မှာ ပလာ မကရ။ စုလည်းထုံး ရွှေကိုးဆင်၍ ကရသည်။[6]

ဟု တွေ့ရသည်။ သည်တကြိမ်တွင်မှ အမိန့်တော် အထူးထားရပုံ ထောက်လျှင် ထာဝစဉ်အားဖြင့် ပလာ ကသည်ဟု ယူရန်ရှိနေပါသည်။

အစုအမှုထမ်းတို့နှင့် ပတ်သက်၍ မှတ်သားစရာ အချက်များရှိပါသည်။ ယင်းတို့ကား (၁) အစုသားတို့အတွက် စားမြေ နေမြေ ချပေးထားခြင်း[7] (၂) တစုက တစုသို့ ရှက်တင်ကူးပြောင်းထမ်းရွက်ခွင့် မရခြင်း[8] (၃) အထူးသဖြင့် နိမ့်ရာအစုမှ မြင့်ရာအစုသို့ တက်ခွင့် မရခြင်း[9] (၄) တရွာမှတရွာသို့ ပြောင်းရွှေ့ မနေရခြင်း[10] (၅) အမှုတော်မရှိလျှင် လယ်ယာ လုပ်ရခြင်း ရောင်းဝယ် ဖောက်ကားရခြင်း[11] (၆) လုပ်ဆောင်ချိန် မပြီးမချင်း ရွာမှ ထွက်ခွာ မသွားရခြင်း[12] (၇) မိမိထမ်းဆောင်ရာအမှုတွင် မကျွမ်းကျင်သေးလျှင် ကျွမ်းကျင်အောင် အလေ့အကျင့်ပြုရခြင်း[13] နှင့် (၈) နှစ်တိုင်း ကျားမ အတိုး၊ အပွား၊ သေပျက်၊ ရှောင်၊ ရဟန်းပြု၊ အိုမစွမ်း စာရင်းလုပ်၍ ပေးရခြင်း[14] တို့ ဖြစ်ပါသည်။

---

၁။ မင်းသုံးပါး (၉၉၇ ခု) ၅၈–၉
၂။ မင်းသုံးပါး ၅၃
၃။ မင်းသုံးပါး (၉၉၇ ခု) ၅၂
၄။ မင်းသုံးပါး ၁၆၆
၅။ မင်းသုံးပါး (၉၉၇ ခု) ၇၄
၆။ မင်းသုံးပါး (၉၉၇ ခု) ၅၂
၇။ မင်းသုံးပါး (၉၉၇ ခု) ၇၀–၁။ ဇမ္ဗူ.(၉၅၉ခု)၆၄
၈။ မင်းသုံးပါး (၁၀၀၀ပြည့်) ၂၁၈
၉။ မင်းသုံးပါး (၉၉၇ ခု) ၇၄
၁၀။ မင်းသုံးပါး (၁၀၀၇ ခု) ၃၄၈
၁၁။ မင်းသုံးပါး (၉၉၈ ခု) ၉၆–၆
၁၂။ မင်းသုံးပါး ၁၁၄
၁၃။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၂၁၀–၂၁၆
၁၄။ မင်းသုံးပါး (၉၉၇ ခု)၆၃-၄

အစုအဝင်နှင့် မနေသော သူနာကြည့်[၁] ဆေးဆရာ[၂] မန္တန်ဆရာ[၂] ပန်းချီဆရာ[၃] စသဖြင့် ရှိပါသေးသည်။ ဤတွင် သူနာကြည့်နှင့် ဆေးဆရာ တွဲဖက်ရသလို မန္တန်ဆရာနှင့် ပန်းချီလည်း တွဲရသည်။ မန္တန်ဆရာက ရောဂါအနာကင်းပအောင် စစ်နိုင်အောင် အစီအရင်ပြုရ၍ ပန်းချီ ဆရာက အင်းရေး အရုပ်ရေးပြုရပါသည်။ စစ်ချီသည့်အခါ မှာပင် ဗိုလ်လုပ်သူ တဦးလျှင် မန္တန်ဆရာ တဦး ပါလေ့ရှိပါသည်။[၄]

ပြည်သူတို့တွင် ရန်အန္တရာယ်ကင်းရန် လောကီ အစီအရင် ပြုရမည်ဟု ယုံကြည်ချက် ထားကြရာ ပန်းချီဆရာက မြို့တော်အဝင် တံခါးမုခ်ဦး ပြအိုး များ၏ မျက်နှာကြက်တွင် ပိတ်ကားကပ်၍ (၁) မြတ်စွာဘုရား မာရ်စစ်သည်ကို အောင်နိုင်ပုံ (၂) မီးကြီးဘေးမှ လွတ်သွားသော ဘုရားလောင်း ငုံးမင်းပုံ (၃) မီးပုံတွင်းသို့ ခုန်၍ ဆင်းသော်လည်း မီးမလောင်သော ဘုရား အလောင်း ယုန်မင်းပုံ (၄) ဘီလူးစောင့်သောရေကန်မှ ရေကိုဘုရားလောင်းမျောက်မင်းနှင့်မျောက်တသင်းတို့ကျူရိုးနှင့် ရေစုတ်၍ သောက်ကြပုံစသည်တို့ကို ရေးဆွဲရပါသည်။[၅] မှတ်သားဖွယ် ကောင်းသော အခြား လောကီ အစီအရင် များမှာ နန်းသိမ်းပွဲတွင် ရေပြည့်အိုးနှင့် ကိုယ်ဝန်ဆောင် မိန်းမကို တိုက်ခန်း အဆောင်ဆောင်၌ ထားခြင်း[၆] စစ်ချီလျှင် ခတ်ရိုက်ယတြာဆင်ခြင်း၊[၇] ကောင်းမြတ်သော အခါကို ရွေးချယ်ပြီးမှ အမှုကိစ္စ ဆောင်ရွက်ခြင်း[၈] တို့ ဖြစ်ပါသည်။ ဥဒိန္န[၉] မဟာပိန္န[၁၀] စသည်တို့ကို ပူဇော်ပသသည်မှာလည်း သမရိုးကျ အလုပ်အခု ဖြစ်၍နေပါသည်။

လက်နက်ကိုင်အမှုထမ်းတို့တွင် မြင်း၊ သေနတ်၊ သေနတ် နှင့် လှေသင်းတို့ အကြောင်းကို အနည်းငယ် ဖော်ပြရန် ရှိပါသေးသည်။ ထိုတပ်ဖွဲ့ တို့၏ အမည် စာရင်းကို သိရခြင်းဖြင့် သာလွန် မင်း၏ လက်ထက်တွင် တိုးတက် လာသောမြန်မာ တို့၏ စစ် အင် အား တို့ ခန့်မှန်း နိုင် ပါ မည်။ မြင်းတပ်များမှာ (၁) အိမ်ရှေ့မြင်း (၂) အိမ်ရှေ့ တော် ပခန်းမြင်း (၃) ကျော်သင်းမြင်း (၄) ကျောက်ဆောက်မြင်း (၅) ကျွန်တော်ဟောင်း မြင်း (၆) ခက်လုံမြင်း (၇) ရေနံမြင်း (၈) စီးတော်မြင်း (၉) စောပွတ်အိုးမြင်း (၁၀) ဇင်းမယ်မြင်း (၁၁) ညောင်ရမ်းမြင်း (၁၂) ညောင်ရွှေမြင်း (၁၃) တပယင်းမြင်း (၁၃) တရုတ်မြို့ပါမြင်း (၁၄) တောင်ဖက်မြင်း (၁၅) ထန်းတပင်မြင်း (၁၆) ဒဝယ်မြင်း (၁၇) နောက်မြင်း (၁၈) ပုဂံမြင်း (၁၉) ပင်းယမြင်း (၂၀) ပြင်စည်မြင်း (၂၁) ဗမော်မြင်း (၂၂) မိတ္ထီလာမြင်း (၂၃) မြောက်ဖက်မြင်း (၂၄) မြန်မာမြင်း (၂၅) မြို့ပါမြင်း (၂၆) ယူတော်မူ မြင်း (၂၇) ရက်ခန့်ကန်စော့မြင်း (၂၈) ရွှေသာမြင်း (၃၀) လက်ယာမြင်း (၃၁) လက်ရွှေးကြီးမြင်း (၃၂) လက်ရွေးငယ်မြင်း (၃၃) လက်ဝဲမြင်း (၃၄) လင်ဇင်းမြင်း (၃၅) လံဘူး မြင်း (၃၆) သင်တော်မြင်း (၃၇) သင်းကြီး

---

၁။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၁၂၉
၂။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၃၇၃
၃။ မင်းသုံးပါး (၉၉၉ ခု) ၁၃၇-၈
၄။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၃၇၅
၅။ မင်းသုံးပါး (၉၉၇ ခု) ၄၈-၅၀
၆။ မင်းသုံးပါး ၃၃
၇။ မင်းသုံးပါး ၆
၈။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၁၇၈
၉။ မင်းသုံးပါး ၃၅-၁၁၄
၁၀။ မင်းသုံးပါး ၃၂-၂၅၆

မြင်း (၃၈) သျှမ်းမြင်း (၃၉) သျှမ်းနက်မြင်းနှင့် (၄၀) သျှမ်းသူငယ်မြင်းဟူ၍ မြင်းတပ် လေးဆယ် ရှိပါသည်။

သေနတ် တပ်ဖွဲ့များမှာ (၁) အိပ်ဖန်တော်သေနတ် (၂) အိမ် သာ တော် သေ နတ် (၃) ကုလားပျို သေနတ် (၄) တံ တား ဦး သေနတ် (၅) နောက်တော်ပါသေနတ် (၆) ပင်းယ သေနတ် (၇) ဘရင်ဂျီသေနတ် (၈) မြေနန်းတော်သေနတ် (၉) ရွှေ မြို့ တော် သေ နတ် (၁၀) ဝန်းကျင်သေနတ်နှင့် (၁၁) သူငယ်သေနတ်ဟူ၍ တဆယ့်တစ်ဖွဲ့ တွေ့ ရ ပါ သည်။ အမြောက်တပ်ဖွဲ့ဟူ၍လည်း ရှိ၏။

သွေး သောက် စု များ မှာ (၁) ကြခတ်စား သွေး သောက် (၂) ချမ်း သာ ရွာ သား သွေး သောက် (၃) စည်သူရွာစား သွေးသောက် (၄) ဇိက်သင်ရုံ သွေးသောက် (၅) တပ်ရွာစား သွေးသောက် (၆) ထန်းဘပင်ရွာစား သွေးသောက် (၇) ဒန္ဒသီရိ သွေးသောက် (၈) နန္ဒစည်းသူ သွေးသောက် (၉) ပေ ကျင်း စား သွေးသောက် (၁၀) ပေါက် အိုင် စား သွေး သောက် (၁၁) ပေါက်ကံစား သွေးသောက်(၁၂)ပေါက်တိုင်စား သွေးသောက် (၁၃) မထီးလိုစား သွေးသောက် (၁၄) မူးဝစား သွေးသောက်(၁၅)ရေချမ်းစား သွေးသောက် (၁၆) ရဲကမ္မ သွေးသောက်(၁၇) ရဲစက္က သွေးသောက်(၁၈) ရဲဇေယ သွေးသောက် (၁၉) ရဲ တေ ဇ သွေး သောက် (၂၀) ရဲဒေဝ သွေးသောက်(၂၁) ရဲဓမ္မ သွေးသောက် (၂၂) ရဲသီဟ သွေးသောက်(၂၃) ရဲသိဿ သွေးသောက် (၂၄) ရဲ သူ ရ သွေး သောက် (၂၅) ရဲ သင်း ရုံ သွေးသောက် (၂၆) ရှင်ထွေးထို သွေးသောက် (၂၇) ရွာမစား သွေးသောက် (၂၈) ရွာမကြီးစား သွေးသောက် (၂၉)ရွာသာယာစား သွေးသောက်(၃၀) ရွက်သင်ရုံ သွေးသောက် (၃၁) လင်းငယ်ကြီးစား သွေးသောက် (၃၂) ဝေသုန္ဒရ သွေးသောက်နှင့် (၃၃) သာလှပင်စည်စား သွေးသောက် ဟူ၍ သွေး သောက် စု သုံးဆယ့်သုံးစု ရှိပါသည်။

လှေသင်းတွင် (၁) အ ရွှေ ဝင်း သပြုလှော်ကား (၂) အိကင်းလှော်ကား (၃) ကောင်းမစစ် လှော်ကား (၄) ပ ကိုး နိုင် ငံ ကျော် လှော် ကား (၅) ပွဲတိုင်းကျော် လှော်ကား (၆) ပြည်လုံးအုံ့ လှော်ကား (၇) ပြည် လုံး ကျော် လှော်ကား (၈) ပြိုတရော် လှော်ကား (၉) ဘုန်းတော်နိုင်ငံ လှော်ကား (၁၀) ရန်နိုင်ပြည်လုံးယူ လှော်ကား (၁၁) လက်ဝဲဝင်း လှော်ကား (၁၂) လကျာ ဝင်း လှော်ကား (၁၃) သာရကာလှော်ကား (၁၄) သ ရ ဖိ မာန် လှော် ကား နှင့် (၁၅) သူ ရဲ တု လွတ် လှော်ကား ဟူ၍ရင်း၊ (၁) လက်ဝဲ မြင်းလှေ (၂) လကျာမြင်းလှေ (၃) ခေတတီလှေ (၄) အမြောက်ကင်း ရွှေလောင်းကြီး ဟူ၍ရင်း၊ (၁) နီဖောင် (၂) ကရဝိတ်ဖောင် (၃) စက္ကဝတ်ဖောင်(၄) ဇီဝစိုးဖောင် (၅) တိုးဖောင်(၆) ဒသရူပဖောင် (၇) ပဥ္စရူပဖောင် (၈) မိကျောင်းဖောင် (၉) ရွှေဟင်းသာဖောင် (၁၀) သတ္တရူပဖောင် (၁၁)သိင်္ဂနိက်ဖောင်တို့ဟုရင်း အစုစု ၃၀ ရှိပါသည်။ဤမျှ လက်နက်အင်အား ရှိသဖြင့်လည်း အကွဲကွဲရှိနေသော မြန်မာနိုင်ငံကို ပြန်၍ စုစည်းနိုင်လျက် ယိုးဒယား ရခိုင်တို့က သံတမန်လွှတ်၍ အ သာ တ ကြည် မ ဟာ မိတ် ဖြစ် လိုကြောင်း တောင်းခံလာခြင်းပင် ဖြစ်ပေသည်။[၁]

၁။ မှန်နန်း တတိယတွဲ စာမျက်နှာ ၂၀၃၊ ၂၀၉၊ ၂၁၉ ကြည့်။

ကျွန်တို့အကြောင်းကို အနည်းငယ် ပြောရန် လိုပါသေးသည်။ ကျွန်သည် သခင်၏ ထိန်းအုပ် ရသော အစုအငန်းတွင် အမှုထမ်းဖြစ်လာနိုင်ခွင့် ရှိသည်ဟုသာ သိရ၏။ ကျောင်းဘုရား ကျွန်ကား မနှစ်မြို့ဖွယ် ဖြစ်သောကြောင့် ရှောင်ကြဉ်ကြရ ခြင်း မဟုတ်ပါ။ အစိုးရသော မင်းက သာသနာကို ဦးစားပေးသဖြင့် ကျောင်းကျွန်နှင့် အခြား ကျွန် အိမ်သင့်လျှင် အခြား ကျွန်က ကျောင်းကျွန် ဖက်ကို ပါရသောကြောင့် လူအရေအတွက် ဆုံး ရှုံးရသဖြင့် ကျောင်းဘုရားကျွန်နှင့် အိမ်ထောင် ဖက်ခြင်း မပြုရဟု မင်းမိန့်ထား၍ တားမြစ်ခြင်း ဖြစ်ပါသည်။ စင်စစ်အားဖြင့် ကျောင်း ဘုရား ကျွန်ကို မနှစ်လိုဖွယ်အမျိုးဟု ထိုခေတ်က မယူ ဆချေ။

နောက်ဆုံးအားဖြင့် ထိုခေတ် ဗုဒ္ဓသာသနာ၏ အခြေအနေကို ဖော်ပြရပေမည်။ မင်းဖြစ်သူက ရဟန်းတော်များ မကောင်းမှုပြုရန် ရှက်ခြင်း၊ ကျင့်ဝတ်၌ လေးစားခြင်း၊ အလေ့အလာအားဖြင့် စင်ကြယ်ခြင်းတို့နှင့် အလွန်တရာ ပြည့်စုံစေလို၏။ လူဖြစ်ခဲခြင်း၊ ဗုဒ္ဓသာသနာနှင့် ကြုံခဲခြင်း၊ ဗုဒ္ဓ သာသနာ၌ သက်ဝင်ယုံကြည်ခဲခြင်း၊ ဗုဒ္ဓသာသနာ တော်ထမ်း ရဟန်းဖြစ်ခဲခြင်း ဟူသော ခက်ခဲခြင်း လေးပါးစလုံးကို ရထားသော ရဟန်းသည် စင် ကြယ်သော အကျင့်ရှိလျှင် အတိုင်းထက်အလွန် အကျိုးရှိရာ၏။ ရဟန်းပြုကြသောသူတို့ကို ဆန်း စစ်လျှင် (၁) ရဟန်းဘဝ၌ ဆရာတော်ကြီး ဖြစ် လို၍ ရဟန်းပြုခြင်း (၂) ရဟန်းဘဝ၌ ရအပ် သော အကျိုးလို၍ ရဟန်းပြုခြင်း (၃) ကြွေးမြီ များသောကြောင့် ရဟန်းပြုခြင်း (၄) သူ့ကျွန် ဘဝမှ လွတ်လို၍ ရဟန်းပြုခြင်း (၅) အဆွေ အမျိုးတို့ကို ထောက်ပံ့လို၍ ရဟန်းပြုခြင်း ဟူ၍ သာ များသောအားဖြင့် တွေ့ရသည်။ ထို့ကြောင့် သဒ္ဓါယုံကြည်ချက်မရှိသော ရဟန်းကို စစ်ဆေး ရှာဖွေ၍ လူဝတ်လဲစေဟု ခရစ်နှစ် ၁၆၃၆ (သက္ကရာဇ် ၉၉၈ ခု ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့) က အမိန့်တော်တရပ် ထုတ်ပြန် ဘူး၏။[၁]

တဖက်မှ သန့်စင်သော ရဟန်းကို အလိုရှိသလို တဖက်မှ သာသနာမြေနှင့် မင်းမြေ အရှုက်အတင် မရှိအောင် ခြားနား၍ ပေးပေ၏။ ခရစ်နှစ် ၁၆၃၇ (သက္ကရာဇ် ၉၉၉ ခု နတ်တော်လဆန်း ၂ ရက်နေ့) အမိန့်တော်တွင် ရှေးကျောက်စာ များကို လေ့လာဖတ်ရှု၍ အရပ်ရပ် သာသနာ မြေစာရင်းကိုင်း ကျောင်းဘုရား စာရင်းကိုင်း လုပ်စေ၏။ ယိုယွင်း ပျက်စီးသည်ကို ပြင်စေ၏။ သံဃိကပစ္စည်းကို ထင်ရှားအောင် နယ်ခြား မှတ် တိုင်စိုက်စေ၏။ ကျောက်စာသစ် ရေးထိုးစေ၏။[၂] ကုန်ကျသည့်စရိတ်ကို လက်ဆောင်ရသည့် ပစ္စည်း နှင့် တရားကွမ်းဘိုးမှယူ၍ သုံးရ၏။ ခရစ် နှစ် ၁၆၃၈ ခုနှစ် (သက္ကရာဇ်၁၀၀၀ ပြည့်) တွင် သာသနာတော်ကို အထူးပြု၍ထောက်ပံ့၏။ဘုရား ဟောင်း ကျောင်းဟောင်း စရပ်တန်ဆောင်း ဟောင်းများကိုပြင်၏။ဘုရားများစွာ၌ထီးတင်၏။ ဘုရားဆင်းတုများစွာ ကျိုးပဲ့သည်ကို စု၍ပြင်၏။[၃] ပိဋကတ်တော်အစုံစုံကို အသစ်ရေးစေ၏။[၄] တိုင်း သူပြည်သားကိုလည်း သာသနာ၌ လေးစားသမှု ပြုစေ၏။မင်းမှုထမ်းတို့ လမ်းခရီး၌ ဝေါ ဆင် မြင်း ရထားနှင့်သွားစဉ်မှာပင် ရဟန်း သာမဏေ များ

၁။ မင်းသုံးပါး (၉၉၈ ခု) ၈၉-၉၄
၂။ မင်းသုံးပါး (၉၉၉ ခု) ၁၁၁-၁၅
၃။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၂၁၄
၄။ မင်းသုံးပါး (၁၀၀၀ ပြည့်) ၁၀၄-၇

နှင့်ရှောင်မရသောကြောင့် ရင်ဆိုင်တွေ့လျှင် ယာဉ်မှ သက်၍ ဦးညွှတ်၍ လမ်းပေးရမည်ဟု အမိန့်တော်ထား၏။[၁] အနန္တဓဇဆရာတော်၊ အရိယာလင်္ကာရ ဆရာတော်၊ တိလောကာလင်္ကာရ ဆရာတော်နှင့် သီရိသုဓမ္မရာဇဂုရု-တောင်ဘီလာ ဆရာတော်တို့ မန်းစက်တော်ရာ နှစ်ဆူကို အရှာသွားလိုပါသည်ဆိုသဖြင့် ချင်းတို့ အန္တရာယ်မှ ကာကွယ်ရန် အစောင့်အဖြစ် လက်နက်ကိုင်လူ ၅၀၀ ခန့် ထားပေးလိုက်၏။ အရှာသွားသူတို့အဖို့ ယခု မန်းစက်တော်ရာ နေရာသည် ထိုစဉ်က အလွန်ကြီးသော တောကြီးကို ဝင်၍သွားရခြင်းပင် ဖြစ်ပေသည်။ "စကုမြို့အဝင် မင်းဘူးဆိပ်၌ လှေဆိုက်၍ ဟိမဝန္တာဝင်တော်မူသည်" ဟု မှတ်တမ်းထားခဲ့၏။[၂]

အထက်က ဖော်ပြခဲ့သည့်အတိုင်း သာသနာကို မင်းက အလွန်အလေးပေးသည် မှန်သော်လည်း ထိုမင်းကိုယ်တိုင်ပင်မှန်ဆရာတော်ဖြစ်သော ဘားမဲ့ဆရာတော်ကို ဗေဒင်ယတြာ အလီလီမေးသည်။[၃] စစ်ထွက်သောအခါ၌ ဆရာတော်သုံးပါးက နောက်ပါရဟန်း ရှစ်ပါးနှင့် တပ်ဦးကလိုက်ရသည်။[၄] ဤသို့လည်း ဗုဒ္ဓသာသနာနှင့် မည်သို့မျှ မသက်ဆိုင်သော အမှုကိစ္စကိုလည်း မင်းကိုယ်တိုင် လုပ်သည်ကို တွေ့ရပါသည်။ နောက်ဆုံးတွင် သားတော်ရှင်တလုပ် ပုန်ကန်သောအခါ လေးထပ်ကျောင်းသို့ ပြေးပုန်း၍ နေရ၏။ အချုပ်ကို ဆိုရလျှင် သာသနာတော်ကို တဖက်မှ အလွန်ချီးမြှင့်သည် မှန်သော်လည်း မိရိုးဖလာနတ်ကိုးခြင်း ဗေဒင်မေးခြင်း ယတြာခေတ်ရိုက်ပြုခြင်းတို့ကို မရှောင်နိုင်ကြောင်း တွေ့ရပါသည်။

နိဂုံးချုပ်အားဖြင့် ဖော်ပြရလျှင် သာလွန်မင်းတရားကား ပြည်သူနှင့်စပ်ဆိုင်သမျှ မည်သည့်ကိစ္စကိုမျှ ငယ်သည် သေးသည်ဟု သဘောမထား။ ပါဝင်စွက်ဖက်၍ တိုးတက်ကောင်းမွန်လာအောင် လေ့လာလျက် ပြုပြင်ပေးသည်ကို တွေ့ရ၏။ ပထမ တိုင်းပြည်နိုင်ငံ၌ လူဦးရေ လျော့နည်းနေသည်ကို တိုးပွားစည်ပင်အောင် နယ်စပ် နယ်ခြားဒေသမှ လူများကို သိမ်းသွင်း၍ မြို့ရွာနယ်ပယ်အလိုက် နေရာချထားပေးလေ၏။ လူဦးရေ ပွားကြောင်းကို ရည်၍ လူပျို အပျိုတို့ကို သင့်တင့်အောင်ဟောပြော၍ အိမ်ရာသင့်နေစေ၏။ အခြေစိုက်၍ ကြီးပွားစည်ပင်စေလိုသဖြင့် တရွာမှ တရွာ အပြောင်းအရွှေကိုပင် တတ်နိုင်သလောက်ဟန့်တားထား၏။ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေး၏။ သို့မှ လယ်ယာကိုင်းကျွန်း ဖြစ်ထွန်း လာရပါသည်။ စစ်အင်္ဂါလေးပါးကိုလည်း တိုးချဲ့စေ၏။ ထိုခေတ်စစ်သည်တို့ကြောင့် ပြည်ရွာမထိခိုက်အောင် အထူးကြပ်မတ်၍ စည်းကမ်း စနစ်လုပ်ပေး၏။ မင်းမှုထမ်းတို့ကိုမူ ပြည်သူတို့စိတ်ဝမ်းငယ်အောင် မည်သည့်အမှုကိုမျှ မလုပ်ရန် တတ်စွမ်းသမျှကူညီရန်တို့ကိုသာ ညွှန်ကြား၏။ ခိုးသေးမီးပွားရန်ကို အစွမ်းကုန် နှိပ်နင်း၍ပေး၏။ အခွန်အကောက်သာရစေတော့ ပြည်သူတို့ မည်မျှနစ်နာမှန်းသည်ဖြစ်စေ ငါတို့နှင့် မဆိုင်ဟူသော သဘောရှိသည့် အမှုထမ်းမှာ ရာဇဝတ်ကြီးသင့်ပေမည်။ ပြည်သူတို့တရားစကား အရှက်အတင် ရှိလျှင်လည်း အမြန်ဆုံးဖြေရှင်း၍ ပေး၏။ ပြည်သူတို့၏ လောကီစီးပွားကို ဆောင်ရွက်ရမှာပင် လောကုတ္တရာစီးပွားကိုလည်း ကြည့်ရှု၏။ သာသနာကို လွန်စွာအားပေးသည်ဟု မှတ်တမ်းများအရ သိရသည်။ သာသနာမြေနှင့် မင်း

၁။ မင်းသုံးပါး (၉၉၇ခု) ၁၀၂-၃
၂။ မင်းသုံးပါး (၁၀၀၀ပြည့်) ၁၀၁-၃
၃။ မင်းသုံးပါး(၉၆၉ခု၊ ၉၇၂ခု၊ ၉၉၀ပြည့်) ၄၊ ၅၊ ၉-၁၀၊ ၃၅
၄။ မင်းသုံးပါး (၉၉၉ ခု) ၁၄၇

မြေ အရှုပ်အရှင်းရှိလျှင် မင်းမြေကိုအနစ်နာခံ၍ ဖြေရှင်း၏။ ကျောင်းဘုရားကျွန်နှင့် မင်းကျွန် သင့်နေလျှင် မင်းကျွန်ကိုအဆုံးခံ၏။ ထို့ကြောင့် ဘုရားကျွန်နှင့် ရိုးရိုးလူတို့ မသင့် မနေရာဟု တားမြစ်ရာကအစ ဘုရားကျွန်တို့ကို မဆက်ဆံရသော လူစုဖြစ်သွားဟန်တူ၏။မူလရည်ရွယ်ချက်မှာ ထိုသို့ မဟုတ်ကြောင်း သိရပါသည်။ ဤအချက်များကြောင့် သာလွန်မင်းဆောင်ရွက်သမျှ အောင်မြင်၍ လူအများ၏ ပါဝင်ကူညီအားပေး ဆောင်ရွက်ခြင်းကိုပါ တွေ့ရသည်။ ပြည်သူအင်အား ပါလာသောအခါတွင်မှလည်း တာရှည်စွဲမြဲသော အောင်မြင်မှုကိုရ၍ ပြည်ရွာငြိမ်းချမ်းပါသည်။ ပြည်သူတို့ ရွှင်လန်းဝမ်းသာလျက် ခေတ်သစ် စနစ်သစ်သို့ ကူးပြောင်း လာသော စံပြခေတ် ဖြစ်သည်ဟု သာလွန်မင်း၏ခေတ်ကို ခေါ်နိုင်ပါသည်။ တဖက်မှ ပေါ်တူကီတို့၏ နယ်ချဲ့ခြင်းကို ထိရောက်အောင် တားဆီး ပိတ်ပင် နိုင်သော ခေတ် ဖြစ်ပါသည်။ တနည်းအားဖြင့် မြန်မာနိုင်ငံ၌ ကိုလိုနီနယ်ချဲ့ကို ပထမဦးဆုံး အောင်နိုင်သော အခါဟု ခေါ်နိုင်ပါသည်။

---